# မာတိကာ


| စဉ် | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၁ | ဆရာများအတွက်အမှာစာ | |
| | **ပန်းချီအနုပညာ** | |
| **အခန်း – ၁** | **ရောင်စုံခဲတံ ဖယောင်းရောင်စုံတို့ဖြင့် မျဉ်းများရေးဆွဲခြင်း** | |
| ၁–၁ | အစက်များကို မျဉ်းဖြောင့်များဖြင့် ဆက်၍ရေးဆွဲခြင်း | ၁၀ |
| ၁–၂ | အစက်များကို မျဉ်းကောက်များဖြင့် ဆက်၍ရေးဆွဲခြင်း | ၁၂ |
| ၁–၃ | ရောင်စုံခဲတံ ဖယောင်းရောင်စုံတို့ဖြင့် မျဉ်းကောက် မျဉ်းဖြောင့်တို့ကို အလွတ်ရေးဆွဲခြင်း | ၁၄ |
| ၁–၄ | မျဉ်းဖြောင့် မျဉ်းကောက်များကို ဆေးရောင်စုံအသုံးပြု၍ ရေးဆွဲဆေးခြယ်ခြင်း | ၁၆ |
| **အခန်း – ၂** | **ရုပ်ပုံများရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း** | |
| ၂–၁ | မြေကြီး သဲပြင်ပေါ်တွင် တုတ်ချောင်းဖြင့် နှစ်သက်ရာရုပ်ပုံများရေးဆွဲခြင်း | ၁၈ |
| ၂–၂ | ဝါးထရံ ကြမ်းပြင် သစ်သား ကော်ဘူးခွံစသည်တို့ပေါ်တွင် စက္ကူဖြင့်ထပ်ကာ ခဲတံ ရောင်စုံခဲတံတို့ဖြင့်ရေးခြစ်ခြင်း | ၂၀ |
| ၂–၃ | ဖယောင်းရောင်စုံဖြင့် ရုပ်ပုံများရေးဆွဲပြီး ရေဆေးဖြင့်ခြယ်ခြင်း | ၂၂ |
| ၂–၄ | နှစ်သက်သောကစားစရာ သစ်သီးဝလံနှင့် မိသားစုပုံများကို ဆေးရောင်ခြယ် ရေးဆွဲခြင်း | ၂၄ |
| ၂–၅ | ဖယောင်းရောင်စုံဖြင့် ဆေးခြယ်ထားသောစက္ကူပေါ်တွင် တုတ်ချောင်းအသေးဖြင့် ရုပ်ပုံများရေးဆွဲခြင်း | ၂၆ |
| ၂–၆ | ရေဆွတ်ထားသောစက္ကူပေါ်တွင် မင် သို့မဟုတ် ရေဆေးရောင်စုံ အစက်များချခြင်းဖြင့် အရောင်ရောနှောမှုကို လေ့လာခြင်း | ၂၈ |
| | **လက်မှုအနုပညာ** | |
| **အခန်း – ၃** | **စက္ကူကိုအသုံးပြု၍ လက်မှုပစ္စည်းများပြုလုပ်ခြင်း** | |
| ၃–၁ | ရောင်စုံစက္ကူကို ကတ်ကြေးဖြင့် ဖြတ်ညှပ်ခြင်း | ၃၀ |
| ၃–၂ | ရောင်စုံစက္ကူဖြတ်စများကို ကော်ဖြင့်ကပ်၍ နှစ်သက်သလိုသရုပ်ဖော်ခြင်း | ၃၂ |
| ၃–၃ | ရောင်စုံစက္ကူများကို ကော်အသုံးပြု၍ ကွင်းဆက်များပြုလုပ်ခြင်း | ၃၄ |
| ၃–၄ | စက္ကူကိုလက်ဖြင့်ဆုတ်ဖြဲပြီး မိမိနှစ်သက်သော ရုပ်ပုံများပြုလုပ်ခြင်း | ၃၆ |

| စဉ် | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|


**အခန်း – ၄** **ပတ်ဝန်းကျင်ရှိ အလွယ်တကူရရှိနိုင်သော ပစ္စည်းများဖြင့် လက်မှုပစ္စည်းများပြုလုပ်ခြင်း**

၄–၁ ရုပ်ပုံများရေးဆွဲထားသော ကတ်ထူပြား စက္ကူပုံးခွံ စက္ကူဘူးခွံတို့ကိုပေါင်းစပ်၍ မြို့တည်ဆောက်ခြင်း ၃၈

၄–၂ သစ်ရွက်များဖြင့် ပုံစံအမျိုးမျိုးပြုလုပ်ခြင်း ၄၀

၄–၃ ခွက်များကိုအသုံးပြု၍ သဲ သို့မဟုတ် မြေကြီးဖြင့် နှစ်သက်ရာပုံစံအမျိုးမျိုး ပြုလုပ်ခြင်း ၄၂

၄–၄ ရွှံ့ဖြင့် နှစ်သက်သောပုံစံများ ဖန်တီးပြုလုပ်ခြင်း ၄၄

၄–၅ ပလတ်စတစ်အိတ်ပေါ်တွင် နှစ်သက်သလိုအရုပ်များရေးဆွဲ၍ ပူဖောင်းပြုလုပ်ခြင်း ၄၆

**ရသခံစားတန်ဖိုးထားမှု**

**အခန်း – ၅** **မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း**

၁။ ထူးခြားလှပသော မြန်မာ့ယွန်းထည်ပစ္စည်းများကို အမြတ်တနိုးတန်ဖိုးထားတတ်စေရန် ပြုစုပျိုးထောင်ပေးခြင်း ၄၈

၂။ မိမိနိုင်ငံရှိ အမျိုးမျိုးသော အနုပညာရှင်များနှင့် သူတို့၏လက်ရာများကို လေ့လာခြင်း ၅၀

၂–၁ ပန်းပုပညာရှင်ဦးဟန်တင်

၂–၂ ပန်းချီပညာရှင်ဝဏ္ဏကျော်ထင်ဦးစံဝင်း ၅၂

**နောက်ဆက်တွဲ**

၁ ရွှံ့ကြိုတင်ပြင်ဆင်ခြင်းအဆင့်ဆင့် ၅၄

၂ အနုပညာ(ပန်းချီ)စာအုပ်တွင် အသုံးပြုမည့်ပစ္စည်းများ ၅၅

# ဆရာများအတွက်အမှာစာ

## ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်စာအုပ်ကို ပထမတန်းအနုပညာ(ပန်းချီ)ဘာသာရပ် သင်ပြမည့်ဆရာများအတွက် အဓိကပြင်ဆင်ထားပါသည်။ အနုပညာ(ပန်းချီ)ဘာသာရပ်တွင် သင်ခန်းစာကို ကလေးများနားလည်သဘောပေါက်လွယ်ပြီး စိတ်ဝင်တစားသင်ယူလာနိုင်စေရန် ရည်ရွယ်ပြုလုပ်ထားပါသည်။ ဤစာအုပ်တွင် အသက်အရွယ်နှင့်လိုက်ဖက်သော ကလေးအတွေးအမြင်နှင့် ဖန်တီးမှုဆိုင်ရာစွမ်းရည်များကို အစဉ်တစိုက်စေ့ဆော်ပေးနိုင်သည့် သင်နည်းများ၊ လှုံ့ဆော်မှုများဖြင့် သင်ခန်းစာများကို တီထွင်ဖန်တီးထားသောကြောင့် ဆရာများနှင့်ကျောင်းသားများအတွက် အသုံးဝင်သောစာအုပ်ဖြစ်ရုံသာမက သင်ကြားသင်ယူသူအားလုံးအတွက် လွယ်ကူစွာအသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။


## ဆရာလမ်းညွှန်ပါအကြောင်းအရာများ

ဤဆရာလမ်းညွှန်စာအုပ်တွင် ကျောင်းသုံးစာအုပ်မာတိကာစဉ်အတိုင်း ပန်းချီနှင့်လက်မှု သင်ကြားရေးနှင့် ပတ်သက်သော သင်ခန်းစာများ၏ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို လမ်းညွှန် ဖော်ပြထားသည့်အတွက် ဆရာများအနေဖြင့် ဆရာလမ်းညွှန်ပါအတိုင်း နမူနာယူရန် အကြံပြုပါသည်။

## ဆရာလမ်းညွှန်စာအုပ်၏ဖွဲ့စည်းပုံ

ဤဆရာလမ်းညွှန်စာအုပ်တွင် (၁)ကျောင်းသုံးစာအုပ်မိတ္တူ၊ (၂)သင်ခန်းစာခေါင်းစဉ်နှင့် သင်ကြားချိန်၊ (၃) သင်ယူမှုဦးတည်ချက်၊ (၄) စစ်ဆေးအကဲဖြတ်ခြင်း၊ (၅)သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း၊ (၆)သင်ကြားသင်ယူမှုလုပ်ငန်းစဉ်၊ (၇)သင်ခန်းစာ၏ သတိပြုရမည့်အချက်များဟူ၍ ကဏ္ဍခုနစ်ခုဖြင့် ဖွဲ့စည်းထားပါသည်။

အကြောင်းအရာအချက်အလက်တိုင်းတွင် ကလေးများက ပန်းချီနှင့်လက်မှုပညာကို နားလည်သဘောပေါက်လွယ်ပြီး အကျိုးရှိရှိသင်ကြားနိုင်ရန် သင်ရိုးဝင်အကြောင်းအရာအချင်းချင်းအချိတ်အဆက်မိမိ လမ်းညွှန်တင်ပြထားပါသည်။



## (၁) ကျောင်းသုံးစာအုပ်မိတ်ဆက်

ဤအပိုင်းသည်ကျောင်းသုံးစာအုပ်မိတ္တူကို ချုံ့ထားသောမိတ္တူဖြစ်ပါသည်။ ဆရာ၊ ဆရာမများ (အနုပညာပန်းချီ) ဘာသာသင်ကြားရာတွင် ကိုးကားနိုင်ရန် ထည့်သွင်းဖော်ပြပေးထားခြင်းဖြစ်ပါသည်။

## (၂) သင်ခန်းစာခေါင်းစဉ်နှင့် သင်ကြားရမည့်အချိန်

သင်ခန်းစာခေါင်းစဉ်နှင့် စာသင်ချိန်ကို ဖော်ပြထားပါသည်။ ဖော်ပြထားသော စာသင်ချိန်အတိုင်း သင်ကြားခြင်းကို တိုက်တွန်းအကြံပြုပါသည်။ ကျောင်းသုံးစာအုပ်၏ မျက်နှာချင်းဆိုင်စာမျက်နှာနှစ်ခုတွင်ပါဝင်သော အကြောင်းအရာများသည် သင်ခန်းစာတစ်ခုစီအတွက် စုစည်းတင်ပြထားပါသည်။ ထို့အပြင် သင်ကြားရမည့်ခေါင်းစဉ်များကို စီစဉ်ပေးထားသော်လည်း ရာသီဥတု၊ ကျောင်း၊ ပတ်ဝန်းကျင်အခြေအနေကို လိုက်၍ ပြောင်းလဲသင်ကြားနိုင်ပါသည်။

## (၃) သင်ယူမှုဦးတည်ချက်

သင်ခန်းစာအသီးသီး၏ သင်ယူမှုဦးတည်ချက်ကိုဖော်ပြထားပါသည်။ ဦးတည်ချက်ပေါက်မြောက်အောင်မြင်စေရန် ဆရာများမှ သင်ခန်းစာတစ်ခုချင်းစီ၏ သင်ခန်းစာဦးတည်ချက်နှင့်အညီ သင်ကြားပေးရန်လိုအပ်ပါသည်။

## (၄) စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုဦးတည်ချက်ပါအတိုင်း အောင်မြင်မှု ရှိ၊ မရှိ စစ်ဆေးရန် အကဲဖြတ်မှုကို အဆင့်(၃)ဆင့် သတ်မှတ်ဖော်ပြထားပါသည်။ ဆရာများမှ သင်ကြားပေးရာတွင် ကလေးများအား အနည်းဆုံး (B) အဆင့်နှင့်လျော်ညီသော လုပ်ဆောင်နိုင်မှု၊ ဖန်တီးနိုင်မှုရရှိစေရန် မျှော်လင့်ပါသည်။ သင်ခန်းစာတစ်ခုပြီးတိုင်း ရရှိလာသော ပန်းချီနှင့်လက်မှုလက်ရာများကို သင်ကြားသည့်နေ့တွင်ပင် အဆင့်သတ်မှတ်ပြီး အကဲဖြတ်ရန် အရေးကြီးပါသည်။ သတ်မှတ်ချက်ပါအတိုင်း မပြီးမြောက်သော ကလေးများအတွက် ဆရာများက ပံ့ပိုးပေးသင့်ပါသည်။ ဆရာများသည် ကျောင်းသားတစ်ယောက်ချင်းစီရလဒ်များအတိုင်း အဆင့်သတ်မှတ်ပေးနိုင်ရန် အကဲဖြတ်မှတ်တမ်းစာအုပ် ပြင်ဆင်ထားရှိရမည်။

## (၅) သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

ပန်းချီနှင့်လက်မှုအနုပညာတွင် အသုံးပြုရမည့်ကိရိယာနှင့်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရှိရန် အရေးကြီးပါသည်။ လိုအပ်သည့် ရောင်စုံခဲတံ၊ ဖယောင်းရောင်စုံ အစရှိသည်ဖြင့် ပုံဆွဲရာတွင်အသုံးပြုသောပစ္စည်းများကို ကလေးများမှတဆင့် မိဘအုပ်ထိန်းသူများထံသို့ ကြိုတင်မှာကြားထားရန် လိုအပ်ပါသည်။

ပြင်ပတွင်ဝယ်ယူ၍မရနိုင်သည့် ရွှံ့စေးကဲ့သို့သောပစ္စည်းများကို မည်ကဲ့သို့ရရှိနိုင်မည်ဆိုသည်ကို ရှေးဦးစွာစဉ်းစားပြင်ဆင်ထားရန် လိုအပ်ပါသည်။

## (၆) သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ဤအပိုင်းတွင် သင်ခန်းစာများ၏ ဦးတည်ချက်ကို အောင်မြင်စေမည့်သော့ချက်ဖြစ်သော နိဒါန်းသင်ကြားသင်ယူမှုဖြစ်စဉ်နှင့် နိဂုံးစသည့် အပိုင်း(၃)ပိုင်းခွဲ၍ ဖော်ပြထားပါသည်။ ဆရာနှင့် ကလေးများ၏ နှစ်ဦးနှစ်ဖက်သင်ကြားသင်ယူမှုပုံစံဖြင့် တင်ပြထားခြင်းဖြစ်ပါသည်။ ဆရာဘက်မှသာ သင်ကြားနေခြင်းမျိုးမဟုတ်ဘဲ ကလေးများ ကိုယ်တိုင်ခံစားသိရှိခြင်း၊ ထုတ်ဖော်တင်ပြခြင်းများကို အထောက်အပံ့ဖြစ်စေနိုင်သည့်မေးခွန်းများနှင့် ညွှန်ကြားခြင်းများပြုလုပ်ရန် လိုအပ်ပါသည်။

## (၇) သတိပြုရမည့်အချက်များ

ဤအပိုင်းတွင် သင်ခန်းစာသင်ကြားစဉ် သတိပြုရမည့်အချက်များနှင့်ကလေးများပြုလုပ်မှုကို အကဲဖြတ်ရမည့်အချက်များ ဖော်ပြထားပါသည်။ ထို့အပြင်ပစ္စည်းများအသုံးပြုမှု၊ အကျိုးရှိရှိသင်ကြားမှုနှင့် အန္တရာယ်ကင်းရှင်းမှုများအတွက် ကျောင်းသုံးစာအုပ်တွင် ပုံနှိပ်ထားသော ပန်းချီ၊ ဓာတ်ပုံများ၏ တိကျသောနမူနာများနှင့် အညွှန်းများကို ဖော်ပြထားပါသည်။ ကျောင်းသုံးစာအုပ်ပါပုံများသည် ကလေးများ၏ လှုပ်ရှား

တတ်မှုအခြေအနေများဖြစ်ပြီး ပန်းချီနှင့်လက်မှုလုပ်ငန်းများ၏ လုပ်ကိုင်ပုံများနှင့် ညွှန်ကြားချက်အသေးစိတ်များကို လွယ်ကူစွာသိရှိနိုင်သည့် အချက်အလက်များဖြစ်ကြောင်းသတိပြုရမည်ဖြစ်ပါသည်။

## ကျောင်းသုံးစာအုပ်အသစ်၏ သင်ကြားမှုနယ်ပယ်များ

ပထမတန်းအနုပညာပန်းချီဘာသာရပ်ကို သင်ကြားမှုနယ်ပယ်(၃)ရပ်ဖြင့်ဖွဲ့စည်းရေးဆွဲထားပါသည်။

### ၁။ ပန်းချီအနုပညာ

၁။ ရောင်စုံခဲတံ၊ ဖယောင်းရောင်စုံတို့ဖြင့် မျဉ်းများရေးဆွဲခြင်း၊

၂။ ရုပ်ပုံများရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း၊

### ၂။ လက်မှုအနုပညာ

၁။ စက္ကူကိုအသုံးပြု၍ လက်မှုပစ္စည်းများ ပြုလုပ်ခြင်း၊

၂။ ပတ်ဝန်းကျင်ရှိ အလွယ်တကူရရှိနိုင်သောပစ္စည်းများဖြင့် လက်မှုပစ္စည်းများပြုလုပ်ခြင်း၊

### ၃။ ရသခံစားတန်ဖိုးထားမှု

၁။ မြန်မာရိုးရာအနုပညာကို သိရှိနားလည်ခြင်း၊

ပထမတန်းကျောင်းသုံးစာအုပ်အသစ်၏ အခြေခံယူဆချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၁။ မိမိလက်ကို ထိန်းချုပ်အသုံးပြုတတ်ရန်၊

၂။ မိမိနှစ်သက်သောရုပ်ပုံများကို ရေးဆွဲခြင်းဖြင့် ပျော်ရွှင်မှုရရှိလာရန်၊

၃။ အသင့်ပြင်ဆင်ထားသောပစ္စည်းများကိုအသုံးပြု၍ ဖန်တီးရာမှ ပျော်ရွှင်မှုရရှိရန်၊

## သင်ကြားသင်ယူမှုအတွက် လမ်းညွှန်ချက်

၁။ သင်ခန်းစာအားလုံးအတွက် ကျောင်းသားများကို ဗဟိုပြုသည့် သင်ကြားမှုကိုအသုံးပြုရမည်။

၂။ ကျောင်းသားများ ကျောင်းနှင့်ပတ်ဝန်းကျင်ပေါင်းစည်း၍ အမျိုးမျိုးသော သင်ကြားပို့ချမှုနည်းလမ်းတို့ကို ဆရာ၊ ဆရာမများက ရွေးချယ်နိုင်သည်။

၃။ သရုပ်ဖော်ပုံများကိုအသုံးပြု၍ ကျောင်းသားများ၏ နားလည်နိုင်စွမ်းကိုမြှင့်တင်ပေးရမည်။

၄။ ကျောင်းသားများတွင်ရှိနှင့်ပြီးသော ဗဟုသုတနှင့် အတွေ့အကြုံတို့ကို ပြန်လည်အသုံးချနိုင်အောင် သင်ကြားပေးရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

သင်ခန်းစာအားလုံးကို စစ်ဆေးအကဲဖြတ်ရာတွင် လိုအပ်သလိုမေးခွန်းများကို ပြုလုပ်ပေး၍ ကလေးများ၏ စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှု၊ ပါဝင်ဆောင်ရွက်မှုနှင့် စိတ်ဝင်စားမှုတို့ဖြင့် ဆုံးဖြတ်ရပါမည်။

### ကျောင်းသုံးစာအုပ်အသစ်၏ဖွဲ့စည်းပုံ

၁။ စာမျက်နှာများဖွဲ့စည်းပုံကို သင်ခန်းစာနှင့်လျော်ညီစွာရေးသားထားပါသည်။

၂။ ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပန်းချီနှင့်ဓာတ်ပုံများသည် အသက်အရွယ်နှင့်ကိုက်ညီသော ကျောင်းသားများ၏ ကိုယ်တိုင်ဖန်တီးထားသောလက်ရာများကို အသုံးပြုထားပါသည်။

# သင်ကြားချိန်ခွဲဝေမှုဇယား

| စဉ် | အခန်း | သင်ခန်းစာ | စာသင်ချိန် | ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ |
|---|---|---|---|---|
| ၁ | ၁–၁ | အစက်များကို မျဉ်းဖြောင့်များဖြင့် ဆက်၍ ရေးဆွဲခြင်း | ၁ | ၁ |
| ၂ | ၁–၂ | အစက်များကို မျဉ်းကောက်များဖြင့် ဆက်၍ ရေးဆွဲခြင်း | ၁ | ၂ |
| ၃ | ၁–၃ | ရောင်စုံခဲတံ ဖယောင်းရောင်စုံတို့ဖြင့် မျဉ်းကောက် မျဉ်းဖြောင့်တို့ကို အလွတ်ရေးဆွဲခြင်း | ၁ | ၄ |
| ၄ | ၁–၄ | မျဉ်းဖြောင့် မျဉ်းကောက်များကို ဆေးရောင်စုံအသုံးပြု၍ ရေးဆွဲစေခြင်း | ၁ | ၆ |
| ၅ | ၂–၁ | မြေကြီး သဲပြင်ပေါ်တွင် တုတ်ချောင်းဖြင့် နှစ်သက်ရာရုပ်ပုံများရေးဆွဲခြင်း | ၁ | ၈ |
| ၆ | ၂–၂ | ဝါးထရံ ကြမ်းပြင် သစ်သား ကော်ဘူးခွံစသည်တို့ပေါ်တွင် စက္ကူဖြင့်ထပ်ကာ ခဲတံ ရောင်စုံခဲတံတို့ဖြင့် ရေးခြစ်ခြင်း | ၁ | ၁၀ |
| ၇ | ၂–၃ | ဖယောင်းရောင်စုံဖြင့် ရုပ်ပုံများရေးဆွဲပြီး ရေဆေးဖြင့် ခြယ်ခြင်း | ၂ | ၁၂ |
| ၈ | ၂–၄ | နှစ်သက်သော ကစားစရာ သစ်သီးဝလံနှင့်မိသားစုပုံများကို ဆေးရောင်ခြယ်ရေးဆွဲခြင်း | ၂ | ၁၄ |
| ၉ | ၂–၅ | ဖယောင်းရောင်စုံတို့ဖြင့်ဆေးခြယ်ထားသော စက္ကူပေါ်တွင် တုတ်ချောင်းအသေးဖြင့် ရုပ်ပုံများရေးဆွဲခြင်း | ၁ | ၁၆ |
| ၁၀ | ၂–၆ | ရေဆွတ်ထားသောစက္ကူပေါ်တွင် မင် သို့မဟုတ် ရေဆေးရောင်စုံအစက်များချခြင်းဖြင့် အရောင်များ ရောနှောမှုကိုလေ့လာခြင်း | ၁ | ၁၈ |
| ၁၂ | ၃–၁ | ရောင်စုံစက္ကူကို ကတ်ကြေးဖြင့် ဖြတ်ညှပ်ခြင်း | ၂ | ၂၀ |
| ၁၃ | ၃–၂ | ရောင်စုံစက္ကူဖြတ်စများကို ကော်နှင့်ကပ်၍ နှစ်သက်သလို သရုပ်ဖော်ခြင်း | ၂ | ၂၂ |
| ၁၄ | ၃–၃ | ရောင်စုံစက္ကူများကို ကော်အသုံးပြု၍ ကွင်းဆက်များ ပြုလုပ်ခြင်း | ၂ | ၂၄ |
| ၁၅ | ၃–၄ | စက္ကူကိုလက်ဖြင့်ဆုတ်ဖြဲပြီး မိမိနှစ်သက်သော ရုပ်ပုံများပြုလုပ်ခြင်း | ၁ | ၂၆ |
| ၁၆ | ၄–၁ | ရုပ်ပုံများရေးဆွဲထားသော ကတ်ထူပြား စက္ကူပုံးခွံ စက္ကူဘူးခွံတို့ကို ပေါင်းစပ်၍ မြို့တည်ဆောက်ခြင်း | ၁ | ၂၈ |
| ၁၇ | ၄–၂ | သစ်ရွက်များဖြင့် ပုံစံအမျိုးမျိုးပြုလုပ်ခြင်း | ၂ | ၃၀ |
| ၁၈ | ၄–၃ | ခွက်ကလေးများကိုအသုံးပြု၍ သဲ သို့မဟုတ် မြေကြီးဖြင့် နှစ်သက်ရာပုံစံအမျိုးမျိုးပြုလုပ်ခြင်း | ၁ | ၃၂ |
| ၁၉ | ၄–၄ | ရွှံ့ဖြင့် နှစ်သက်သောပုံစံများ ဖန်တီးပြုလုပ်ခြင်း | ၁ | ၃၄ |
| ၂၀ | ၄–၅ | ပလတ်စတစ်အိတ်ပေါ်တွင် နှစ်သက်သလိုအရုပ်များရေးဆွဲ၍ ပူဖောင်းပြုလုပ်ခြင်း | ၁ | ၃၆ |
| ၂၁ | ၅–၁ | ထူးခြားလှပသော မြန်မာ့ယွန်းထည်ပစ္စည်းများကို အမြတ်တနိုးတန်ဖိုးထားတတ်စေရန် ပြုစုပျိုးထောင်ပေးခြင်း | ၁ | ၃၈ |
| ၂၂ | ၅–၂–၁ | မိမိနိုင်ငံရှိ အမျိုးမျိုးသောအနုပညာရှင်များနှင့် သူတို့၏လက်ရာများကို လေ့လာခြင်း(ပန်းပုပညာရှင်ဦးဟန်တင် ၁၉၂၆–၂၀၀၀) | ၁ | ၄၀ |
| ၂၃ | ၅–၂–၂ | မိမိနိုင်ငံရှိ အမျိုးမျိုးသောအနုပညာရှင်များနှင့် သူတို့၏လက်ရာများကို လေ့လာခြင်း(ပန်းချီပညာရှင်ဝဏ္ဏကျော်ထင်ဦးစံဝင်း ၁၉၀၄–၁၉၈၁) | ၁ | ၄၂ |

စာသင်ချိန် ၂၈ ချိန်၊ အရန်စာသင်ချိန် ၈ ချိန်၊ စာသင်ချိန်စုစုပေါင်း ၃၆ ချိန်

## သင်ကြားချိန်ခွဲဝေမှုဇယား

| စဉ် | လ | အခန်း | ခေါင်းစဉ် | အပိုင်း |
|---|---|---|---|---|
| ၁ | ဇွန် | ၁–၁ | အစက်များကို မျဉ်းဖြောင့်များဖြင့် ဆက်၍ ရေးဆွဲခြင်း | ပုံရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း |
| ၂ | ဇွန် | ၁–၂ | အစက်များကို မျဉ်းကောက်များဖြင့် ဆက်၍ ရေးဆွဲခြင်း | ပုံရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း |
| ၃ | ဇွန် | ၁–၃ | ရောင်စုံခဲတံ ဖယောင်းရောင်စုံတို့ဖြင့် မျဉ်းကောက် မျဉ်းဖြောင့်တို့ကို အလွတ်ရေးဆွဲခြင်း | ပုံရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း |
| ၄ | ဇွန် | ၁–၄ | မျဉ်းဖြောင့် မျဉ်းကောက်များကို ဆေးရောင်စုံအသုံးပြု၍ ရေးဆွဲဆေးခြယ်ခြင်း | ပုံရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း |
| ၅ | ဇူလိုင် | ၂–၆ | ရေဆွတ်ထားသောစက္ကူပေါ်တွင် မင် သို့မဟုတ် ရေဆေးရောင်စုံအစက်များချခြင်းဖြင့် အရောင်များ ရောနှောမှုကိုလေ့လာခြင်း | ပုံရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း |
| ၆ | ဇူလိုင် | ၂–၅ | ဖယောင်းရောင်စုံတို့ဖြင့်ဆေးခြယ်ထားသော စက္ကူပေါ်တွင်တုတ်ချောင်းအသေးဖြင့် ရုပ်ပုံများရေးဆွဲခြင်း | ပုံရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း |
| ၇ | ဇူလိုင် | ၃–၄ | စက္ကူကိုလက်ဖြင့်ဆုတ်ဖြဲပြီး မိမိနှစ်သက်သော ရုပ်ပုံများပြုလုပ်ခြင်း | လက်မှုပညာ |
| ၈ | သြဂုတ် | ၃–၁ | ရောင်စုံစက္ကူကို ကတ်ကြေးဖြင့် ဖြတ်ညှပ်ခြင်း | လက်မှုပညာ |
| ၉ | သြဂုတ် | ၃–၂ | ရောင်စုံစက္ကူဖြတ်စများကို ကော်နှင့်ကပ်၍ နှစ်သက်သလို သရုပ်ဖော်ခြင်း | လက်မှုပညာ |
| ၁၀ | စက်တင်ဘာ | ၂–၂ | ဝါးထရံ ကြမ်းပြင် သစ်သား ကော်ဘူးခွံ စသည်တို့ပေါ်တွင် စက္ကူဖြင့်ထပ်ကာ ခဲတံ ရောင်စုံခဲတံတို့ဖြင့် ရေးခြစ်ခြင်း | ပုံရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း |
| ၁၁ | စက်တင်ဘာ | ၃–၃ | ရောင်စုံစက္ကူများကို ကော်အသုံးပြု၍ ကွင်းဆက်များ ပြုလုပ်ခြင်း | လက်မှုပညာ |
| ၁၂ | စက်တင်ဘာ | ၄–၅ | ပလတ်စတစ်အိတ်ပေါ်တွင် နှစ်သက်သလိုအရုပ်များရေးဆွဲ၍ ပူဖောင်းပြုလုပ်ခြင်း | လက်မှုပညာ |
| ၁၃ | အောက်တိုဘာ | ၂–၁ | မြေကြီး သဲပြင်ပေါ်တွင် တုတ်ချောင်းဖြင့် နှစ်သက်ရာရုပ်ပုံများရေးဆွဲခြင်း | ပုံရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း |
| ၁၄ | အောက်တိုဘာ | ၅–၁ | ထူးခြားလှပသော မြန်မာ့ယွန်းထည်ပစ္စည်းများကို အမြတ်တနိုးတန်ဖိုးထားတတ်စေရန် ပြစုပျိုးထောင်ပေးခြင်း | ကြည့်ရှုလေ့လာခြင်း |
| | အောက်တိုဘာ | | အချိန်အပို | |
| အောက်တိုဘာ – နိုဝင်ဘာ | | | သီတင်းကျွတ်အားလပ်ရက် (၃–၄ပတ်အကြားတွင် တစ်ပတ်လောက်) | |
| ၁၅ | နိုဝင်ဘာ | ၄–၄ | ရွှံ့ဖြင့် နှစ်သက်သောပုံစံများ ဖန်တီးပြုလုပ်ခြင်း | လက်မှုပညာ |
| ၁၆ | နိုဝင်ဘာ | ၂–၄ | နှစ်သက်သော ကစားစရာ သစ်သီးဝလံနှင့်မိသားစုပုံများကို ဆေးရောင်ခြယ်ရေးဆွဲခြင်း | ပုံရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း |
| ၁၇ | နိုဝင်ဘာ | ၄–၁ | ရုပ်ပုံများရေးဆွဲထားသော ကတ်ထူပြား စက္ကူပုံးခွံ စက္ကူဘူးခွံတို့ကိုပေါင်းစပ်၍ မြို့တည်ဆောက်ခြင်း | လက်မှုပညာ |
| ၁၈ | ဒီဇင်ဘာ | ၄–၂ | သစ်ရွက်များဖြင့် ပုံစံအမျိုးမျိုးပြုလုပ်ခြင်း | လက်မှုပညာ |
| ၁၉ | ဒီဇင်ဘာ | ၄–၃ | ခွက်ကလေးများကိုအသုံးပြု၍ သဲ သို့မဟုတ် မြေကြီးဖြင့် နှစ်သက်ရာပုံစံအမျိုးမျိုး ပြုလုပ်ခြင်း | လက်မှုပညာ |

| စဉ် | လ | အခန်း | ခေါင်းစဉ် | အပိုင်း |
|---|---|---|---|---|
| | ဒီဇင်ဘာ | ၁၂ လပိုင်းအားလပ်ရက် (၁၂ လပိုင်း ပထမပတ် ၁ လပိုင်းပထမပတ်) | | |
| ၂၀ | ဇန်နဝါရီ | ၂-၃ | ဖယောင်းရောင်စုံဖြင့် ရုပ်ပုံများရေးဆွဲပြီး ရေဆေးဖြင့် ခြယ်ခြင်း | ပုံရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း |
| ၂၁ | ဇန်နဝါရီ | ၅-၂-၁ | မိမိနိုင်ငံရှိ အမျိုးမျိုးသောအနုပညာရှင်များနှင့် သူတို့၏လက်ရာများကို လေ့လာခြင်း(ပန်းပုပညာရှင်ဦးဟန်တင် ၁၉၂၆-၂၀၀၀) | ကြည့်ရှု လေ့လာခြင်း |
| ၂၂ | ဇန်နဝါရီ | ၅-၂-၂ | မိမိနိုင်ငံရှိ အမျိုးမျိုးသောအနုပညာရှင်များနှင့် သူတို့၏လက်ရာများကို လေ့လာခြင်း(ပန်းချီပညာရှင်ဝဏ္ဏကျော်ထင်ဦးစံဝင်း ၁၉၀၄-၁၉၈၁) | ကြည့်ရှု လေ့လာခြင်း |

## ထိရောက်မှုရှိသော သင်ကြားနည်း

ပထမတန်းအနုပညာ(ပန်းချီ) ကျောင်းသုံးစာအုပ်တွင် သင်ကြားရေးနယ်ပယ် ၃ ခုရှိပါသည်။ ဆရာများသည် အနုပညာ(ပန်းချီ) သင်ကြားရာတွင် အထောက်အကူဖြစ်စေနိုင်မည့် အရေးကြီးသောအချက်အလက်များနှင့်သင်ခန်းစာများကို အကျိုးသက်ရောက်မှုရှိစွာ သင်ကြားနိုင်မည့်နည်းလမ်းများကို ပြုစုရေးသားထားပါသည်။

ဆရာများသည် သင်ခန်းစာအသီးသီးရှိ နိဒါန်းပိုင်းတွင် ရေးသားထားသော ကြိုတင်ပြင်ဆင်ရန်များကို သေချာစွာပြုလုပ်ပြီး သတ်မှတ်ထားသောအချိန်အတွင်း ကျောင်းသားများက မည်ကဲ့သို့ သင်ယူနိုင်မည်ဆိုသည်ကို သင်ကြားမှုပုံစံဖြင့် ပြင်ဆင်ထားရပါမည်။

သင်ခန်းစာတစ်ခုတွင် နိဒါန်း၊ သင်ကြားသင်ယူမှုဖြစ်စဉ်နှင့်နိဂုံးဟူ၍ အပိုင်း ၃ ခုပါဝင်ပါသည်။ ကျောင်းသားများ သင်ကြားလိုစိတ်ဖြစ်ပေါ်စေရန် ဆရာများက သင်ခန်းစာနိဒါန်းအပိုင်းကို ကြိုတင်ပြင်ဆင်ရာတွင် (၅) မိနစ်ခန့်စာအချိန်ကို အကျိုးရှိရှိ အသုံးပြုနိုင်ရန်လိုအပ်သည်။ သို့မှသာ သင်ခန်းစာတစ်ခုလုံး၏လုပ်ငန်းအဆင့်ဆင့်ကို ကျောင်းသားများ လွယ်ကူစွာသိနားလည်ပြီး သင်ကြားသင်ယူမှုလုပ်ငန်း အဆင်ပြေချောမွေ့လွယ်ကူနိုင်မည်ဖြစ်သည်။

သင်ကြားသင်ယူမှုဖြစ်စဉ်သည် သင်ခန်းစာ၏အဓိကအပိုင်းဖြစ်ပါသည်။ ကျောင်းသားများ ပိုမိုနားလည်လာစေရန် ဆရာများက ကျောင်းသားများကိုယ်တိုင် စဉ်းစားစေခြင်း၊ မေးခွန်းများအပြန်အလှန်မေးစေခြင်းများဖြင့် သင်ကြားသင့်သည်။ ကျောင်းသားများကိုယ်တိုင် သင်ယူမှုပြုလုပ်စဉ် သင်ခန်းစာအပေါ်လေးနက်စွာစဉ်းစားရာ၌ လွတ်လပ်စွာတွေးခေါ်နိုင်ရန်နှင့် ထုတ်ဖော်ပြသနိုင်ရန် ဆရာမှကူညီပေး၍ ၎င်းတို့ကိုယ်ပိုင်စိတ်ခံစားမှုနှင့်အတွေးအခေါ်တို့ကို ဖော်ထုတ်တင်ပြစေခြင်းမှာလည်း အရေးကြီးပါသည်။ ကျောင်းသားများအချင်းချင်းသင်ခန်းစာကို ပူးပေါင်းအဖြေရှာခြင်း လုပ်ငန်းဆောင်ရွက်နေစဉ်နှင့်ပြီးဆုံးချိန်တွင် ဆရာများက အားပေးချီးမြှောက်သည့်အပြုအမူများ ပြုလုပ်သင့်ပါသည်။

သင်ခန်းစာအသီးသီး၏ နိဂုံးပိုင်းတွင် သင်ကြားခဲ့သည်များကို နိဂုံးအနေဖြင့် ပြန်လည်ဆွေးနွေးသင်ကြားခြင်းကို ပြုလုပ်သင့်ပါသည်။ ဆရာများသည် သင်ခန်းစာအသီးသီး၏ ရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်နိုင်ရန် တခြားထည့်သွင်းသင်ကြားရန် သင့်လျော်သောအကြံဉာဏ်ရှိပါက လွတ်လပ်စွာဖြည့်စွက်ခြင်း၊ ထည့်သွင်းခြင်းများပြုလုပ်နိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ရည်ရွယ်ချက်ကိုအခြေခံ၍ စစ်ဆေးအကဲဖြတ်မှုကို လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ နမူနာအနေဖြင့် အခန်း(၁)၊ သင်ခန်းစာ(၁) အစက်များကို မျဉ်းဖြောင့်များဖြင့် ဆက်၍ရေးဆွဲခြင်းတွင် အဓိကအချက်အားဖြင့် မျဉ်းဖြောင့်သက်သက်ရေးဆွဲခြင်းနှင့် မျဉ်းဖြောင့်ဒီဇိုင်းရေးဆွဲခြင်းဟူ၍ စစ်ဆေးအကဲဖြတ်မှုပြုလုပ်နိုင်မည်ဖြစ်ပါသည်။ အချို့သင်ခန်းစာများတွင် ကလေးများပြုလုပ်နေစဉ် ဆရာက အခန်းတွင်းလှည့်လည်ကြည့်ရှု၍ စစ်ဆေးအကဲဖြတ်ကြရမည်ဖြစ်ပါသည်။

ပထမတန်းပန်းချီနှင့်လက်မှုသင်ကြားရာတွင် Rubric နည်းကိုအသုံးပြု၍ ကလေးများ၏ ဆောင်ရွက်မှု စိတ်ဝင်စားမှုတက်ကြွစွာသင်ယူမှုနှင့် အကျိုးသက်ရောက်မှုကို အကဲဖြတ်ခြင်းဖြစ်သည်။ မေးမြန်းခြင်း၊ လက်ရာစစ်ဆေးခြင်းနှင့် နားလည်သဘောပေါက်မှုတို့ကို အကဲဖြတ်စစ်ဆေးသည်။ အောက်ပါဥပမာသည် စစ်ဆေးအကဲဖြတ်စဉ် အသုံးပြုသည့် Rubric နည်းသုံး နမူနာဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ Rubric နမူနာ

### ၁။ အစက်များကို မျဉ်းဖြောင့်များဖြင့် ဆက်၍ ရေးဆွဲခြင်း

| | |
|---|---|
| A | ပုံဆွဲစက္ကူပေါ်တွင် အစက်များကို လွတ်လပ်စွာရေးဆွဲ၍ အစက်များအားဆက်သော မျဉ်းဖြောင့်ကို ဖြောင့်တန်းစွာရေးဆွဲနိုင်ခြင်း |
| B | ပုံဆွဲစက္ကူပေါ်တွင် အစက်များကို လွတ်လပ်စွာရေးနိုင်ပြီး ဆက်သောမျဉ်းများကိုလည်း ရေးဆွဲနိုင်ခြင်း |
| C | ပုံဆွဲစက္ကူပေါ်တွင် အစက်များကိုလွတ်လပ်စွာ မရေးဆွဲနိုင်သည့်အပြင် မျဉ်းဖြောင့်ကိုလည်း ဖြောင့်တန်းစွာမရေးဆွဲနိုင်ခြင်း |

### ၂။ အခြားသူများ၏လက်ရာနှင့်မတူညီသော တီထွင်ဖန်တီးမှု

| | |
|---|---|
| A | ကျောင်းသုံးစာအုပ်တွင်မပါရှိသော မျဉ်းဖြောင့်ဒီဇိုင်းကို သပ်ရပ်လှပစွာရေးဆွဲနိုင်ခြင်း |
| B | ကျောင်းသုံးစာအုပ်တွင်ပါရှိသော မျဉ်းဖြောင့်ဒီဇိုင်းကို ရေးဆွဲနိုင်ခြင်း |
| C | ကျောင်းသုံးစာအုပ်တွင်ပါရှိသော မျဉ်းဖြောင့်ဒီဇိုင်းအတိုင်း မရေးဆွဲနိုင်ခြင်း |

# ၁-၁ အစက်များကို မျဉ်းဖြောင့်များဖြင့် ဆက်၍ ရေးဆွဲခြင်း

**စာသင်ချိန် (၁) ချိန်**

### သင်ယူမှုဦးတည်ချက်

- မျဉ်းဖြောင့်ကို ကျွမ်းကျင်စွာရေးဆွဲနိုင်ပြီး မျဉ်းဖြောင့် ဒီဇိုင်းပုံများ ဖွဲ့စည်းတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

■ **ဆရာ**။ A4 စက္ကူ (A4 စက္ကူကို နှစ်ပိုင်းပိုင်းပြီး ကလေးတစ်ဦးလျှင် နှစ်ရွက်နှုန်းပေးရန်) ရောင်စုံခဲတံ၊ ဖယောင်းရောင်စုံ(အိမ်မှမယူလာသော ကလေးများအား စီစဉ်ပေးနိုင်ရန်)။

- **ကျောင်းသား**။ A4 စက္ကူ၊ ရောင်စုံခဲတံ၊ ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း

■ သင်ပုန်းပေါ်တွင် ကားပုံကိုရေးဆွဲ၍ ကားရောက်မည့်နေရာတွင် အမှတ်အစက်တစ်ခုမှတ်ပြီး ကားကို ထိုအမှတ်သို့ တည့်တည့်သွားစေပြီး မေးခွန်းမေးခြင်း။

■ ကားပုံနှင့် အစက်ကိုဆက်ပြီး မျဉ်းဖြောင့်ကို ရေးဆွဲခြင်း (တည့်တည့်သွားခဲ့တယ်နော်)။

- ကျောင်းသားများက ကားမည်သို့သွားခဲ့သည်ကို မှန်းဆ၍ ဖြေဆိုကြခြင်း။

### သင်ခန်းစာဖြစ်စဉ်

■ ကျောင်းသုံးစာအုပ်မှလေယာဉ်ပျံပုံကိုပြ၍ မေးခွန်းများမေးခြင်း (လေယာဉ်က ဒီအစက်မှ ဒီအစက်ထိပျံသွားခဲ့တယ်။ ဘယ်လိုပျံသွားခဲ့လည်း သေချာကြည့်ပါ။)

■ ရထားသံလမ်း၊ လှေကားလက်ရမ်း၊ သေတ္တာနှင့် ဘူးစသည့်မျဉ်းဖြောင့်ရှိသည့်ပုံများကို ရေးဆွဲပြီး ၎င်းမျဉ်းများကို မျဉ်းဖြောင့်ဟုခေါ်ကြောင်း ရှင်းပြခြင်း။

**အခန်း(၁)** ရောင်စုံခဲတံ ဖယောင်းရောင်စုံတို့ဖြင့် မျဉ်းများရေးဆွဲခြင်း

သင်ခန်းစာ(၁) အစက်များကို မျဉ်းဖြောင့်များဖြင့်ဆက်၍ ရေးဆွဲခြင်း




### သတိပြုရမည့်အချက်များ

❶ စာသင်ခန်းအတွင်းရှိ မျဉ်းဖြောင့်ရှိသော အရာများ။

❷ ထင်ရှားတဲ့မျဉ်းဖြောင့်လေးတွေ ဖြစ်နေရမယ်။

❸ နှစ်သက်ရာမျဉ်းဖြောင့်ဒီဇိုင်းများကို ရေးဆွဲနိုင်တယ်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ အစက်များကိုမျဉ်းဖြောင့်ဖြင့်ဆက်၍ ရေးဆွဲခြင်း။


A ပုံဆွဲစက္ကူပေါ်တွင် အစက်များကို လွတ်လပ်စွာရေးဆွဲ၍ အစက်များအားဆက်သော မျဉ်းဖြောင့်ကို ဖြောင့်တန်းစွာရေးဆွဲနိုင်ခြင်း။

B ပုံဆွဲစက္ကူပေါ်တွင်အစက်များကိုလွတ်လပ်စွာ ရေးဆွဲနိုင်ပြီး ဆက်သောမျဉ်းများကိုလည်း ရေးဆွဲနိုင်ခြင်း။


C ပုံဆွဲစက္ကူပေါ်တွင် အစက်များကို လွတ်လပ်စွာ မရေးဆွဲနိုင်သည့်အပြင် မျဉ်းဖြောင့်ကိုလည်း ဖြောင့်တန်းစွာ မရေးဆွဲနိုင်ခြင်း။

ပေးထားသော အစက်အမှတ်များကို ပုံဆွဲစာအုပ်မှာ ရေးဆွဲပြီး စွန်ပုံများ လေ့ကျင့်ကြရအောင်





ဖော်ပြပါအစက်များတွင် မျဉ်းဖြောင့်များဖြင့် သင်နှစ်သက်သလို ရုပ်ပုံများရေးဆွဲပါ



## သတိပြုရမည့်အချက်များ

၄ အစက်တစ်ခုမှတစ်ခုသို့ တစ်ဆက်တည်း ရေးဆွဲရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အခြားသူများ၏ လက်ရာနှင့်မတူညီသော တီထွင်ဖန်တီးမှု။

A ကျောင်းသုံးစာအုပ်တွင်မပါရှိသော မျဉ်းဖြောင့်ဒီဇိုင်းကို သပ်ရပ်လှပစွာ ရေးဆွဲနိုင်ခြင်း။

B ကျောင်းသုံးစာအုပ်တွင်ပါရှိသော မျဉ်းဖြောင့်ဒီဇိုင်းကို ရေးဆွဲနိုင်ခြင်း။

C ကျောင်းသုံးစာအုပ်ပါ မျဉ်းဖြောင့်ဒီဇိုင်းအတိုင်း မရေးဆွဲနိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

■ စာသင်ခန်းအတွင်းရှိ မျဉ်းဖြောင့်ရှိသော အရာများကို ကျောင်းသားများကို ရှာဖွေ၍ ဖော်ပြစေခြင်း။

■ ကျောင်းသုံးစာအုပ်၏ ဥပမာအတိုင်း သင်ပုန်းတွင် အစက်များကို ဆွဲ၍ မျဉ်းဖြောင့်ကို ဥပမာအဖြစ်ရေးဆွဲခြင်း။

- ဥပမာကိုကြည့်ပြီး စက္ကူပေါ်တွင် အစက်များကို မျဉ်းဖြောင့်ဖြင့် ဆက်စေခြင်း။

■ အစက်များကိုလွတ်လပ်စွာ စက္ကူပေါ်တွင် ရေးဆွဲ၍ ဆက်စေခြင်း။ မျဉ်းဖြောင့်ဆွဲရာတွင် မိမိနှစ်သက်သလို ဖယောင်းရောင်စုံနှင့် ရောင်စုံခဲတံတို့ကိုသုံး၍ အစက်များကို ဆက်၍ ဆွဲစေခြင်း။

■ ကလေးများလုပ်ဆောင်မှုကိုကြည့်၍ လိုအပ်သည်ကို ပံ့ပိုးကူညီပေးခြင်း (ရောင်စုံမပါလာသော ကလေးများကို ကူညီပေးခြင်း)။

## နိဂုံး

■ သင်ခန်းစာပြီးဆုံးပါက ကလေးတစ်ဦးချင်း(သို့မဟုတ်) ကလေးအချင်းချင်းရေးဆွဲပြီးသော ပုံများကို ကြည့်ရှုကြခြင်း။

# ၁-၂ အစက်များကို မျဉ်းကောက်များဖြင့်ဆက်၍ ရေးဆွဲခြင်း

**စာသင်ချိန် (၁) ချိန်**

### သင်ယူမှုဦးတည်ချက်

● မျဉ်းကောက်များကို ကျွမ်းကျင်စွာ ရေးဆွဲနိုင်ပြီး ဒီဇိုင်းပုံများ ဖွဲ့စည်းတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

■ **ဆရာ**။ A4 စက္ကူ (A4 စက္ကူကို နှစ်ပိုင်းပိုင်းပြီး ကလေးတစ်ဦးလျှင် နှစ်ရွက်နှုန်းပေးရန်) ရောင်စုံခဲတံ၊ ဖယောင်းရောင်စုံ (အိမ်မှမယူလာသော ကလေးများအား စီစဉ်ပေးနိုင်ရန်)။

● **ကျောင်းသား**။ A4 စက္ကူ၊ ရောင်စုံခဲတံ၊ ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း

■ ကျောင်းသုံးစာအုပ်ပါ ဖားပုံကိုပြသ၍ မေးခွန်းမေးခြင်း၊ (ဖားခုန်တဲ့အခါ ဘယ်လိုမျိုးလှုပ်ရှားပါသလဲ၊ တည့်မတ်စွာခုန်သလား၊ ကွေ့ကောက်ပြီးခုန်သလား) ဖားကလေးခုန်နေပုံသည် ခုံးသောပုံသဏ္ဌာန်ဖြစ်ပြီး ထိုသို့ ကွေးနေသောမျဉ်းကို မျဉ်းကွေး၊ မျဉ်းကောက်ဟုခေါ်ကြောင်း ရှင်းပြခြင်း။

● ကလေးတို့က သေချာစွာကြည့်၍ မှတ်သားကြခြင်း။


### သင်ခန်းစာဖြစ်စဉ်

■ စာသင်ခန်းအတွင်းရှိ မျဉ်းကောက်ပါရှိသော အရာများကို ရှာဖွေခိုင်း၍ အမျိုးမျိုးသောနေရာများတွင် မျဉ်းကွေး မျဉ်းကောက်များရှိသည့်အကြောင်းကို ပြောခြင်း။


● မည်သည့်နေရာတွင် မျဉ်းကွေး၊ မျဉ်းကောက်များရှိသည်ကို ညွှန်ပြခြင်း၊ မျဉ်းကွေး၊ မျဉ်းကောက်ပါသော အရာဝတ္ထုများကို ညွှန်ပြခြင်း (ပန်ကာ၊ နာရီ စသည်)။

**အခန်း(၁)** ရောင်စုံခဲတံ ဖယောင်းရောင်စုံတို့ဖြင့် မျဉ်းများရေးဆွဲခြင်း

**သင်ခန်းစာ(၂) အစက်များကို မျဉ်းကောက်များဖြင့်ဆက်၍ ရေးဆွဲခြင်း**










အစက်များကို မျဉ်းကောက်တွေနဲ့ ဆက်ကြစို့။











၂

### သတိပြုရမည့်အချက်များ

၁ စာသင်ခန်းအတွင်းရှိ မျဉ်းကွေးများကို ရှာခြင်း။

၂ အရောင်မျိုးစုံကို သုံးလို့ရတယ်။

၃ ကြိုက်နှစ်သက်ရာအတိုင်း မျဉ်းလေးတွေကို ကွေးလို့ရတယ်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ အစက်များကိုဆက်၍ မျဉ်းကောက်များကို ရေးဆွဲခြင်း။


A အစက်များကိုဆက်၍ အပေါ်အောက်၊ ဘယ်၊ ညာတို့ကိုကွေး၍ မျဉ်းကွေးများကို သေသပ်လှပညီညာစွာ ရေးဆွဲနိုင်ခြင်း။

B အစက်များကိုဆက်၍ အပေါ်အောက်၊ ဘယ်၊ ညာ မျဉ်းကွေးများကို ကောင်းစွာရေးဆွဲနိုင်ခြင်း။


C အစက်များကိုဆက်၍ မျဉ်းကွေးများကို ကောင်းစွာ မရေးဆွဲနိုင်ခြင်း။










အသုံးပြုပစ္စည်းများ



စက္ကူ ဖယောင်းရောင်စုံ ရောင်စုံခဲတံ



## သတိပြုရမည့်အချက်များ

၄ အစက်တစ်ခုမှတစ်ခုသို့ တစ်ဆက်တည်းဆွဲရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အခြားသူများ၏လက်ရာနှင့်မတူညီသော တီထွင်ဖန်တီးမှု။

A အစက်များကိုမတူညီသော မျဉ်းကောက်များဆွဲ၍ သပ်ရပ်လှပသော ဒီဇိုင်းကို ဖန်တီးနိုင်ခြင်း။

B ဖတ်စာအုပ်တွင်ပါရှိသော အစက်များကိုဆက်၍ မျဉ်းကောက်များကို ရေးဆွဲခြင်း။

C ဖတ်စာအုပ်ပါမျဉ်းကောက်ဒီဇိုင်းကို မရေးဆွဲနိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

■ ကျောင်းသုံးစာအုပ်၏ဥပမာအတိုင်း သင်ပုန်းပေါ်တွင် အစက်များကိုချ၍ မျဉ်းကွေး မျဉ်းကောက်တို့ကို ရေးဆွဲပြခြင်း။

■ မိမိကြိုက်နှစ်သက်သော ဖယောင်းရောင်စုံနှင့် ရောင်စုံခဲတံတို့ဖြင့် A4စက္ကူပေါ်တွင် အစက်များကို မျဉ်းကွေး မျဉ်းကောက်ဖြင့် လွတ်လပ်စွာရေးဆွဲစေခြင်း။

■ လိုအပ်သည်ကိုကြည့်၍ ကူညီပံ့ပိုးပေးခြင်း (ကောင်းစွာမရေးဆွဲတတ်သော ကလေးများ၊ A4ရောင်စုံမပါသော ကလေးများအား ကူညီခြင်း)။

## နိဂုံး

■ ရေးဆွဲပြီးသောပုံများအား ကလေးအချင်းချင်း ကြည့်ရှုစေခြင်း။

# ၁-၃ ရောင်စုံခဲတံ ဖယောင်းရောင်စုံတို့ဖြင့် မျဉ်းကောက် မျဉ်းဖြောင့်တို့ကို အလွတ်ရေးဆွဲခြင်း

**စာသင်ချိန် (၁) ချိန်**

## သင်ယူမှုဦးတည်ချက်

- မျဉ်းဖြောင့်၊ မျဉ်းကောက်များကို မိမိသဘောဖြင့် ကျွမ်းကျင်စွာ ရေးဆွဲတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

■ **ဆရာ**။ A4 စက္ကူ ရောင်စုံခဲတံဖယောင်းရောင်စုံ (အိမ်မှမယူလာသော ကလေးများအား စီစဉ်ပေးနိုင်ရန်)။

- **ကျောင်းသား**။ A4 စက္ကူ၊ရောင်စုံခဲတံ၊ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း

■ဆရာက သင်ပုန်းကြီးပေါ်တွင် မျဉ်းဖြောင့်နှင့် မျဉ်းကောက်တို့ကိုပေါင်းစည်းထားသောပုံကိုရေးဆွဲပြ၍ ၎င်းပုံတွင် အသုံးပြုထားသော မျဉ်း၏အမည်ကို မေးမြန်းခြင်း။

### သင်ခန်းစာဖြစ်စဉ်

■စာသင်ခန်းအတွင်းရှိ မျဉ်းကောက်ပါရှိသော အရာများကို ရှာဖွေခိုင်း၍ အမျိုးမျိုးသောနေရာများတွင် မျဉ်းကွေး မျဉ်းကောက်များရှိသည့်အကြောင်းကို ပြောခြင်း။

- ကျောင်းသားများအား စာသင်ခန်းအတွင်းရှိ ပစ္စည်းများကို ရှာဖွေ၍ ဖော်ထုတ်ကြခြင်း။

(ဥပမာ - ခြင်း၊ ထီး၊ နာရီ၊ ထမင်းချိုင့်၊ ခဲတံဘူး)။

■ကျောင်းသုံးစာအုပ်ပါ ဥပမာကိုကြည့်ရှုစေပြီး ပါဝင်သော မျဉ်းများကို ဖြေကြားစေကာ စက္ကူပေါ်တွင် မျဉ်းဖြောင့်နှင့် မျဉ်းကောက်တို့ကိုသုံး၍ ကြိုက်နှစ်သက်သော ရုပ်ပုံများကို လွတ်လပ်စွာရေး ဆွဲစေခြင်း။

**အခန်း(၁)** ရောင်စုံခဲတံ ဖယောင်းရောင်စုံတို့ဖြင့် မျဉ်းများရေးဆွဲခြင်း

**သင်ခန်းစာ(၃) ရောင်စုံခဲတံ ဖယောင်းရောင်စုံတို့ဖြင့် မျဉ်းကောက် မျဉ်းဖြောင့်တို့ကို အလွတ်ရေးဆွဲခြင်း**







ခြင်း ထီး ရေခွက်တွေမှာ မျဉ်းဖြောင့်နဲ့ မျဉ်းကောက်တွေ ပါတယ်နော်

မျဉ်းဖြောင့်နဲ့ မျဉ်းကောက်တွေကို ဖယောင်းရောင်စုံနဲ့ ဆွဲကြည့်မယ်

ရုပ်ပုံကို ဆေးရောင်ခြယ်စရာ မလိုဘူးနော်








မျဉ်းဖြောင့်နဲ့ မျဉ်းကောက်တွေ ပါတဲ့ပုံ ဆွဲရတာ ပျော်လိုက်တာ





၄

## သတိပြုရမည့်အချက်များ

၁ ရောင်စုံခဲတံ ဖယောင်းရောင်စုံတို့ဖြင့် ရုပ်ပုံကို တိုက်ရိုက်ရေးရမယ်။

၂ ရုပ်ပုံကို ဆေးရောင်ခြယ်ရန် မလိုကြောင်း ရှင်းပြခြင်း။

၃ ပင်လယ်ထဲမှာ သင်္ဘောကြီးသွားနေတယ်၊ ကောင်းကင်မှာ လေယာဉ်ပျံလည်းပါတယ်၊ ဘာတွေထပ်ထည့်လို့ရလဲ စဉ်းစားကြည့်ခိုင်းမယ်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ မျဉ်းကြောင်းများပေါင်းစပ်၍ ရုပ်ပုံများ ရေးဆွဲနိုင်ခြင်း။


A မျဉ်းကြောင်းများပေါင်းစပ်၍ ပတ်ဝန်းကျင်ရှိအရာဝတ္ထုများနှင့် အပြည့်အဝတူညီသော သရုပ်ဖော်ပုံများကို ရေးဆွဲနိုင်ခြင်း။

B မျဉ်းကြောင်းများပေါင်းစပ်၍ ပတ်ဝန်းကျင်ရှိအရာဝတ္ထုများနှင့်နီးစပ်မှုရှိသော သရုပ်ဖော်ပုံများ ရေးဆွဲနိုင်ခြင်း။

C မျဉ်းကြောင်းများပေါင်းစပ်၍ သရုပ်ဖော်ပုံများ မရေးဆွဲနိုင်ခြင်း။


သားမြင်ဖူးတဲ့ သင်္ဘောကို
မျဉ်းဖြောင့်တွေနဲ့ ရေးပြီး ရေလှိုင်း
တွေကို မျဉ်းကွေးတွေနဲ့ ဆွဲခဲ့တယ်





၃

ပတ်ဝန်းကျင်မှာလည်း
မျဉ်းဖြောင့်၊ မျဉ်းကောက်တွေရှိတယ်။





**အသုံးပြုပစ္စည်းများ**



စက္ကူ　ဖယောင်းရောင်စုံ　ရောင်စုံခဲတံ

သူငယ်ချင်းဆွဲထားတဲ့ မျဉ်းဖြောင့်
မျဉ်းကောက်ပုံမှာ အရောင်စုံပါရဲ့လား



၅

## သတိပြုရမည့်အချက်များ

၄ ကလေးဆိုတာ အကြောင်းအရာတွေကို နှစ်သက်ရာပုံသဏ္ဌာန်နဲ့ သရုပ်ဖော်ရေးဆွဲတတ်ပြီး ဆရာက ပုံသဏ္ဌာန် မှန်၊ မမှန်ကို ဖိအားပေးပြောဆိုမှု မပြုလုပ်မိစေရန် အထူးသတိပြုရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ မျဉ်းများကို ဆီလျော်စွာအသုံးပြု၍ ရုပ်ပုံများကို ဖန်တီးနိုင်ခြင်း။

A　သရုပ်ဖော်ပုံနှင့်ကိုက်ညီသော မျဉ်းတို့ကို ကောင်းစွာအသုံးပြုနိုင်ခြင်း။

B　သရုပ်ဖော်ပုံနှင့် ကိုက်ညီသောမျဉ်းတို့ကို အစိတ်အပိုင်းမျှသာ အသုံးပြုနိုင်ခြင်း။

C　သရုပ်ဖော်ပုံနှင့်ကိုက်ညီသောမျဉ်းတို့ကို လုံးဝအသုံးမပြုနိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

- ကလေးတို့၏ လုပ်ဆောင်ချက်များကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း။
- မျဉ်းဖြောင့်၊ မျဉ်းကောက်ကိုသုံးပြီး ဘာပုံလေးဆွဲထားလဲ၊ သပ်သပ်ရပ်ရပ်ဆွဲနိုင်ရဲ့လား စသည်ဖြင့် ပြောကြားခြင်း။
- ● ကလေးအချင်းချင်းဆေးရောင်များ လဲလှယ်၍ အသုံးပြုကြခြင်း။

## နိဂုံး

- ကလေးတစ်ဦးချင်း စီရေးဆွဲထားသော ရုပ်ပုံများအား ရှင်းလင်းပြသစေခြင်း။
- ရေးဆွဲပြီးသော ရုပ်ပုံများကို ကလေးအချင်းချင်းကြည့်ရှုစေခြင်း။
- ● အချင်းချင်းကြည့်ရှုလေ့လာကြခြင်း။

# ၁-၄ မျဉ်းဖြောင့် မျဉ်းကောက်များကို ဆေးရောင်စုံအသုံးပြု၍ ရေးဆွဲဆေးခြယ်ခြင်း

**စာသင်ချိန် (၁) ချိန်**

## သင်ယူမှုဦးတည်ချက်

- ဆေးရောင်စုံဖြင့် မျဉ်းဖြောင့်မျဉ်းကောက်တို့ကို ရေးဆွဲပြီး သပ်ရပ်စွာ ဆေးခြယ်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

■ **ဆရာ**။ မြေဖြူရောင်စုံ၊ ရောင်စုံခဲတံ၊ ဖယောင်းရောင်စုံ၊ A4စက္ကူ (ရောင်စုံမပါလာသော ကလေးများအား ဆရာမှ စီစဉ်ပေးရန်)။

- **ကျောင်းသား**။ A4 စက္ကူ၊ ရောင်စုံခဲတံ၊ ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း

■ မြေဖြူရောင်စုံဖြင့် သင်ပုန်းပေါ်တွင် မျဉ်းဖြောင့် မျဉ်းကောက်များပေါင်းစပ်ထားသောပုံကို ရေးဆွဲပြသပြီး မေးခွန်းများကို မေးခြင်း။ (ရောင်စုံမြေဖြူမရှိပါက ဆရာမှ စာရွက်ပေါ်တွင်ရေးဆွဲပြီး ရှင်းပြနိုင်ပါသည်။)

■ နှစ်သက်ရာမျဉ်းကြောင်းတို့ကိုပေါင်းစပ်၍ ရုပ်ပုံများ ရေးဆွဲပြီး ဆေးရောင်ခြယ်နိုင်ကြောင်း ပြောပြခြင်း။

### သင်ခန်းစာဖြစ်စဉ်

■ မိမိစိတ်ကြိုက် မျဉ်းဖြောင့်၊ မျဉ်းကောက်များကိုအသုံးပြု၍ မိမိနှစ်သက်ရာ ရုပ်ပုံများကို A4 စာရွက်ပေါ်တွင် ရေးဆွဲစေခြင်း။

**အခန်း(၁)** ရောင်စုံခဲတံ ဖယောင်းရောင်စုံတို့ဖြင့် မျဉ်းများရေးဆွဲခြင်း

သင်ခန်းစာ(၄) မျဉ်းဖြောင့် မျဉ်းကောက်များကို ဆေးရောင်စုံအသုံးပြု၍ ရေးဆွဲဆေးခြယ်ခြင်း



















၆

## သတိပြုရမည့်အချက်များ

❶ ဆေးရောင်ခြယ်သည့်အခါ မျဉ်း၏အပြင်သို့မထွက်အောင် သတိပြု၍ ခြယ်ရမည်။

❷ ဆေးရောင်ကို ညီညာစွာ ခြယ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ မျဉ်းကြောင်းများကိုပေါင်းစပ်၍ ရုပ်ပုံများရေးဆွဲတတ်ခြင်းနှင့် ဆေးရောင်စုံကို ညီညာစွာရေးခြယ်တတ်ခြင်း။

A မျဉ်းကြောင်းများကိုပေါင်းစပ်၍ မျဉ်းအပြင်သို့ အစွန်းမထွက်အောင် သေသပ်လှပစွာ ဆေးရောင်ခြယ်နိုင်ခြင်း။

B မျဉ်းကြောင်းများကို ပေါင်းစပ်၍ ဆေးရောင်ခြယ်ရာတွင် မျဉ်းအပြင်သို့ မထွက်အောင်သာ ဆေးခြယ်နိုင်ခြင်း။

C မျဉ်းကြောင်းများကို ပေါင်းစပ်နိုင်ပြီး ဆေးရောင်မခြယ်နိုင်ခြင်း။

သမီးအိမ်နောက်ဖက်မှာ
တွေ့ခဲ့တဲ့ သက်တံပုံပါ





တောင်နားမှာ ရှိတဲ့
ပန်းခြံကို
ရောက်ခဲ့တယ်






သူငယ်ချင်း ခြယ်ထားတဲ့
ဆေးရောင်က လှလိုက်တာနော်




**အသုံးပြုပစ္စည်းများ**




၇

## သတိပြုရမည့်အချက်များ

၃ မျဉ်းများကို ရေးဆွဲခြင်းဖြင့် ရှုခင်းပုံတို့ကို လွတ်လပ်စွာရေးဆွဲနိုင်ခြင်း။

၄ တင်ပြပြောဆိုသောအခါ ရေးဆွဲထားသော ရုပ်ပုံ၏ ကောင်းကွက်များကို ချီးကျူးခြင်း။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ စိတ်ကူးဖြင့် လက်ရာတီထွင်မှု။

A အရောင်မျိုးစုံကို အသုံးပြု၍ အရာဝတ္ထုအမျိုးမျိုးပါဝင်သော ရုပ်ပုံကို ရေးဆွဲနိုင်ခြင်း။

B အရောင်နှင့် အရာဝတ္ထုတို့ကိုအသုံးပြု၍ ရုပ်ပုံကို ရေးဆွဲနိုင်ခြင်း။

C ရုပ်ပုံကို မရေးဆွဲနိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

■ဆေးရောင်ခြယ်ရာတွင် သတိပြုရမည့်အချက်များကို ရှင်းပြ၍ ကလေးတို့ရေးဆွဲထားသော ရုပ်ပုံများကို ဆေးရောင်ခြယ်စေခြင်း (မျဉ်းကြောင်းများဖြင့် သရုပ်ဖော်ပြီးမှ ဆေးရောင်ကို မျဉ်းများအကြား ခြယ်ရမည်)။

- ဆရာ၏လမ်းညွှန်မှုအတိုင်း ဂရုပြု၍ မိမိတို့ရေးဆွဲထားသောရုပ်ပုံများနှင့် ကိုက်ညီသောအရောင်များကို သုံး၍ ဆေးရောင်ခြယ်ကြခြင်း။

■ကလေးများရေးဆွဲထားသောလက်ရာများကိုကြည့်၍ လိုအပ်သည်များကိုကူညီပံ့ပိုးပေးခြင်း (ပင်လယ်ကို ဆွဲထားသော်လည်း မည်သည့်အရာဆက်ပြီး ဆွဲရမည်ကို မသိသောကလေးများအား ပင်လယ်ကို ဘာကိုစီးပြီး သွားရပါသလဲ စသည်ဖြင့် နိမိတ်ပြမေးခွန်းများကိုမေး၍ စဉ်းစားစေခြင်း)။

- ဆရာကပြောလာသော နိမိတ်ပြမေးခွန်းများ ပေါ်မူတည်၍ မိမိတို့ရေးဆွဲနေသော ပန်းချီကားတွင် စဉ်းစား၍ ထပ်ဖြည့်ရေးဆွဲစေခြင်း။

## နိဂုံး

■ရေးဆွဲပြီးသော ရုပ်ပုံများကို ကလေးတစ်ဦးချင်း မိမိပန်းချီကားအကြောင်းကို ရှင်းလင်းစေခြင်း။

■ရေးဆွဲပြီးသော ရုပ်ပုံများကို ကလေးအချင်းချင်း ကြည့်ရှုလေ့လာစေခြင်း။

■သက်တံသည် မိုးရွာပြီးနောက် ကောင်းကင်ပေါ်မှ ရေမှုံကလေးများကျဆင်းနေသည့်အချိန်တွင် နေ၏အလင်းရောင်ကြောင့် မျဉ်းကွေးသဖွယ် ဖြစ်ပေါ်သည်။ သက်တံတွင် ရောင်စဉ်ခုနစ်မျိုးပါဝင်ကြောင်း တွေ့ရသည်။ ၎င်းအရောင်တို့မှာ မရမ်းရောင်၊ မဲနယ်ရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်တို့ပါဝင်သည်။

# ၂-၁ မြေကြီး သဲပြင်ပေါ်တွင် တုတ်ချောင်းဖြင့် နှစ်သက်ရာ ရုပ်ပုံများ ရေးဆွဲခြင်း

**စာသင်ချိန် (၁) ချိန်**

**သင်ယူမှုဦးတည်ချက်**

- မြေကြီးသဲပြင်ပေါ်တွင် တုတ်ချောင်းအသုံးပြု၍ ရေးဆွဲဖော်ပြတတ်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

■ **ဆရာ**။ ရောင်စုံမြေဖြူ ၊ ရေထည့်ထားသောဘူး။

- **ကျောင်းသား**။ တုတ်ချောင်း၊ သစ်ကိုင်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

■ကျောင်းသုံးစာအုပ်ပါ ကလေးများ၏ လှုပ်ရှားမှုကို လေ့လာကြည့်ရှုစေ၍ မြေပြင်ပေါ်တွင် ဒီနေ့ကလေးများ နှစ်သက်သောပုံများကို ရေးဆွဲနိုင်ကြောင်း ပြောပြခြင်း။

**သင်ခန်းစာဖြစ်စဉ်**

■ကလေးများကို စာသင်ခန်းပြင်ပသို့ ခေါ်ဆောင်သွားပြီး မြေပြင်တွင် တုတ်ချောင်း၊ သစ်ကိုင်းတို့ဖြင့် ဥပမာ တစ်ခုကို ရေးဆွဲပြခြင်း။

■(မြေမျက်နှာပြင်မာသည့်အခါ တုတ်ကိုအားပြု၍ ရေးဆွဲရမည်ဖြစ်ကြောင်း ရှင်းပြခြင်း)။

■မြေကြီး၏ အပျော့အမာကို စမ်းသပ်ခိုင်းခြင်း။

- ဆရာက နမူနာရေးခြစ်ပြသည်ကို သေချာစွာကြည့်ရှု၍ မြေမျက်နှာပြင်ကို ထိတွေ့ကြည့်ကြခြင်း။
- (ဒီဘက်ကမြေကြီးကမာနေပြီး ရေစိုတဲ့နေရာက ပျော့နေတယ်နော် စသည်ဖြင့် ခံစားမှုကို ပြောပြခြင်း)။

**အခန်း(၂)** ရုပ်ပုံများရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း

**သင်ခန်းစာ(၁) မြေကြီး သဲပြင်ပေါ်တွင် တုတ်ချောင်းဖြင့် နှစ်သက်ရာရုပ်ပုံများ ရေးဆွဲခြင်း**

အားလုံးနဲ့အတူတူ မြေကြီးပေါ်မှာ ပုံဆွဲရအောင်။




၈

**သတိပြုရမည့်အချက်များ**

၁ မြေကြီးမာလျှင် တုတ်ချောင်းသစ်ကိုင်းကိုဖိပြီးရေးဆွဲမှ ပုံပေါ်မယ်။

၂ သူငယ်ချင်းအချင်းချင်း ကူညီပံ့ပိုးပြီးဆွဲလျှင် ပုံလှလှလေးတွေ ထွက်လာမယ်။

၃ မြေကြီးမရှိလျှင်ဖြစ်စေ၊ မိုးရွာ၍ အပြင်မထွက်နိုင်လျှင်ဖြစ်စေ၊ စာသင်ခန်းကြမ်းပြင်၊ စကြ်န်တွင် ရောင်စုံမြေဖြူဖြင့် ရေးဆွဲနိုင်ပါတယ်။ စာသင်ချိန်ပြီးဆုံးပါက ပြန်ဖျက်ရပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ မြေပြင်တွင် သစ်ကိုင်း၊ တုတ်ချောင်းဖြင့် ရုပ်ပုံရေးဆွဲခြင်း။

A ကြီးမားသောပုံကို ထင်ရှားပြတ်သားစွာ လွတ်လွတ်လပ်လပ်ရေးဆွဲနိုင်ခြင်း။

B ပုံများကို ထင်ရှားပြတ်သားစွာ လွတ်လွတ်လပ်လပ်ရေးဆွဲနိုင်ခြင်း။

C ပုံရေးဆွဲသော်လည်း မည်သည့်ပုံဟု ထင်ရှားမှုမရှိခြင်း။







အားကစားကွင်းမရှိတဲ့ကျောင်းနဲ့ မိုးရွာနေတဲ့ အချိန်မှာ စာသင်ခန်းကြမ်းပြင်ကို အသုံးပြုနိုင်တယ်။













**အသုံးပြုပစ္စည်းများ**




၉

### သတိပြုရမည့်အချက်များ

၆ ရေဘူးအဖုံးကို အလယ်မှ အပေါက်ဖောက်ကာ သဲပြင်၊ စင်္ကြံပေါ်တွင် ရေဖြန်း၍လည်း ရေးဆွဲနိုင်ပါသည်။ (ရေဘူးအဖုံးကို အပေါက်ဖောက်ခြင်းကို ဆရာက ပြုလုပ်ပေးရန်)။

၅ ကလေးအချင်းချင်း ပြန်လည်ရှင်းပြစေခြင်း။

● သင်ခန်းစာပြီးစီးပါက လက်ကိုဆပ်ပြာဖြင့် စင်ကြယ်အောင်ဆေးရမည်။

### သင်ခန်းစာဖြစ်စဉ်

■ ကလေးတို့အား မိမိတို့အသုံးပြုမည့် တုတ်ချောင်းသစ်ကိုင်းတို့ကို ရှာဖွေစေခြင်း။

■ ကျောင်းသုံးစာအုပ်ပါ ဥပမာများအတိုင်းမြေပြင်ပေါ်တွင် ကြိုက်နှစ်သက်သောပုံများကို လွတ်လပ်စွာ အရွယ်အစားကြီးကြီး ရေးဆွဲစေခြင်း။

● တုတ်ချောင်းသစ်ကိုင်းတို့ကို ကျောင်းဝင်းအတွင်း ရှာဖွေကြခြင်း။

■ ကလေးတို့၏ လုပ်ဆောင်ချက်ကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို အကူအညီပေးခြင်း (မြေကြီးမာသော နေရာများတွင် ရုပ်ပုံများထင်ရှားမှုမရှိသော ကလေးများအား မာသောတုတ်ချောင်းဖြင့်ဖိ၍ ပြန်လည်ရေးဆွဲစေခြင်း)။

### နိဂုံး

■ ရေးဆွဲပြီးသော ရုပ်ပုံများကို ကလေးအချင်းချင်း ကြည့်ရှုအားပေးစေခြင်း။

■ ရေးဆွဲပြီးသော ရုပ်ပုံများကို ကလေးတစ်ဦးချင်းကို ရှင်းပြစေခြင်း။

● ကလေးတစ်ဦးစီ ရှင်းပြကြခြင်း (ဥပမာ သားက လူပုံလေး ဆွဲထားတာပါ)။

# ၂-၂ ဝါးထရံ ကြမ်းပြင် သစ်သား ကော်ဘူးခွံ စသည်တို့ပေါ်တွင် စက္ကူဖြင့် ထပ်ကာ ခဲတံ ရောင်စုံခဲတံတို့ဖြင့် ရေးခြစ်ခြင်း

**စာသင်ချိန်(၁)ချိန်**

**သင်ယူမှုဦးတည်ချက်**

- မျက်နှာပြင်အသားသဘောကို ထိတွေ့ခံစားမှုမှတဆင့် အရောင်နှင့်ပုံသဏ္ဌာန်ကို ဖော်ပြတတ်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

■ **ဆရာ**။ A4 စက္ကူ၊ ဘူးခွံအဖုံး စသည့်မာကျောသော ပစ္စည်းအမျိုးမျိုး (လိုအပ်ပါက ကော်၊ ကတ်ကြေးသုံးနိုင်ရန် ပြင်ဆင်ထားရမည်)။

- **ကျောင်းသား**။ ခဲတံ၊ ရောင်စုံခဲတံ၊ ဖယောင်းရောင်စုံ တို့မှ တစ်ခုခု ယူလာရန်။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

■ ရုပ်ပုံတစ်ခုကို မိတ္တူကူးစက်ဖြင့် ကူးယူနိုင်သော်လည်း ဖုထစ်နေသော ရုပ်ပုံများကို ကူးယူရန် ခက်ခဲကြောင်း၊ ဖုထစ်နေသော ရုပ်ပုံပေါ်တွင် စက္ကူတင်ကာ ခဲတံဖြင့် အပေါ်မှခြစ်၍ ကူးယူရေးဆွဲနိုင်ကြောင်း ရှင်းပြခြင်း။

■ (ခဲတံကိုစောင်းပြီးဆွဲရမလား၊ ထောင်ပြီးဆွဲရမလား စသည့် မေးခွန်းများမေးခြင်း)။

- ကလေးများကို ခဲတံကိုင်တွယ်၍ စောင်းလိုက်၊ ထောင်လိုက်လုပ်ခြင်းဖြင့် မှန်းဆ၍ လွတ်လပ်စွာဖြေကြားခြင်း။

**သင်ခန်းစာဖြစ်စဉ်**

■ ကျောင်းသုံးစာအုပ်မှ ရုပ်ပုံများကိုကြည့်၍ ခဲတံဖြင့် မည်သို့ကူးယူရေးဆွဲရမည်ကို မှန်းဆကြည့်စေခြင်း။

■ ဖုထစ်နေသောပစ္စည်းတစ်ခုကို နမူနာကူးယူစေ၍ လက်တွေ့ပြုလုပ်ပြသခြင်း။

■ နားမလည်သောကလေးများအား ပြန်လည်ကူးယူရေးခြစ် ပြသ၍ မည်သည့်ပစ္စည်းများဖြင့် ရေးခြစ်နိုင်သလဲဟု မေးခြင်း။

- သစ်သားကြမ်းပြင်၊ ဘူးခွံအဖုံး၊ သော့၊ ကုလားထိုင် စသည့် မာကြောသောမျက်နှာပြင်ရှိသည့်ပစ္စည်းကို ကူးယူနိုင်ကြောင်း မှန်းဆပြောနိုင်ကြခြင်း။

**အခန်း(၂)** ရုပ်ပုံများရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း

သင်ခန်းစာ(၂) ဝါးထရံ ကြမ်းပြင် သစ်သား ကော်ဘူးခွံ စသည့်တို့ပေါ်တွင် စက္ကူဖြင့် ထပ်ကာ ခဲတံ ရောင်စုံခဲတံတို့ဖြင့် ရေးခြစ်ခြင်း

ဖောင်းကြွရုပ်ပုံများကို ကူးယူရေးဆွဲကြရအောင်။ ၁

ခဲတံဖြင့် ခြစ်ခြင်း။

အပေါ်က ခဲတံနဲ့ ခြစ်လိုက်ရင် အောက်က ပုံပေါ်လာတယ်

အရောင်ဖြင့် ခြစ်ခြင်း။



၁၀

## သတိပြုရမည့်အချက်များ

၁ မတူညီသော မာကြောတဲ့ ပစ္စည်းမျိုးစုံကို ခြစ်လို့ရတယ်။

၂ ခဲတံ သို့မဟုတ် ရောင်စုံခဲတံတို့ကိုလည်း စောင်းပြီး ခြစ်လို့ရတယ်။

၃ စာရွက်တစ်ရွက်ထဲမှာ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် အရောင်မျိုးစုံသုံးပြီး ခြစ်ကြည့်ရင် ပိုလှတယ်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ ရေးခြစ်ထားသောပုံ၏ လက်ရာပြတ်သားကောင်းမွန်မှု။

A ရုပ်ပုံပြတ်သားထင်ရှား၍ မည်သည့်ပစ္စည်းဟု နားလည်သဘောပေါက်ခြင်း။

B ရုပ်ပုံထင်ရှားမှုရှိသော်လည်း မည်သည့်ပစ္စည်းဟု ကလေးအားမေးမှသာ နားလည်သဘောပေါက်ခြင်း။

C ရုပ်ပုံပြတ်သားစွာ ထင်ရှားမှုမရှိသည့်အပြင် မည်သည့်ပစ္စည်းဟု နားလည် သဘောပေါက်မှုမရှိခြင်း။






















၁၁

## သတိပြုရမည့်အချက်များ

၄ စာရွက်ပေါ်မှာရေးခြစ်ပြီးသော အရာများအား ညှပ်၍ ကော်ကပ်ပေါင်းစပ်ပြီး ဒီဇိုင်းဖော်နိုင်တယ်။ (အချိန်ပိုရှိပါက လုပ်နိုင်သည်)

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အရောင်ပုံသဏ္ဍာန်အမျိုးမျိုးသော ပစ္စည်းများကို ပေါင်းစပ်၍ ကူးယူရေးဆွဲနိုင်ခြင်း။

A ကျောင်းသုံးစာအုပ်ပါ ဥပမာပုံနှင့် မတူညီသောပုံသဏ္ဍာန်ကိုဖန်တီး၍ အမျိုးမျိုးသောပစ္စည်းများကို ရေးခြစ်ပေါင်းစပ်ဖော်ပြနိုင်ခြင်း။

B ကျောင်းသုံးစာအုပ်ပါ ဥပမာပုံနှင့် မတူညီသောအရောင်နှင့် ပုံသဏ္ဍာန်တို့ကို ပေါင်းစပ်ရေးခြစ်ဖန်တီးနိုင်ခြင်း။

C ကျောင်းသုံးစာအုပ်ပါ ဥပမာပုံသဏ္ဍာန်အတိုင်းပြုလုပ်ခြင်း သို့မဟုတ် ရုပ်ပုံတစ်ခုကိုသာ ကူးယူရေးခြစ်နိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

■ စာသင်ခန်းအတွင်းရှိ ကူးယူနိုင်သော ပစ္စည်းများကို ရှာဖွေစေခြင်း။

■ အိမ်မှယူလာသောပစ္စည်း၊ စာသင်ခန်းအတွင်းမှ ပစ္စည်းတို့ကိုသုံး၍ ရုပ်ပုံများ ကူးရေးစေခြင်း။

■ စာရွက်တစ်ရွက်ပေါ်တွင် ဒီဇိုင်းနှင့်အရောင် အမျိုးမျိုး ဖန်တီးရေးခြစ်စေခြင်း။

■ ကလေးတို့၏ လုပ်ဆောင်မှုကို လှည့်လည်ကြည့်ရှု၍ ခဲတံ၊ ရောင်စုံခဲတံကိုင်တွယ်ပုံအနေအထားမှားနေခြင်း တို့ကိုပြုပြင်ပေးခြင်း၊ လိုအပ်သည်များကို ထောက်ပံ့ပေးခြင်း။

- မိမိမှားနေသောအပိုင်းများကို ပြန်လည်ပြင်ဆင်၍ ထပ်မံရေးခြင်း။

## နိဂုံး

■ ပြုလုပ်ပြီးသော ရုပ်ပုံများကို ကလေးအချင်းချင်းကြည့်ရှုစေခြင်း။

- ပုံများကို ကြည့်ရှုလေ့လာ၍ မည်သည့်ပစ္စည်းကို အသုံးပြု၍ ရေးခြစ်ထားသောပုံဖြစ်သည်ဟု ပြောဆိုခြင်း။

# ၂-၃ ဖယောင်းရောင်စုံဖြင့် ရုပ်ပုံများရေးဆွဲပြီး ရေဆေးဖြင့်ခြယ်ခြင်း

**စာသင်ချိန် (၁) ချိန်**

**သင်ယူမှုဦးတည်ချက်**

- ဖယောင်းရောင်စုံဖြင့် ရေးဆွဲထားသော စိတ်ကူးပုံရိပ်များကို ရေဆေးအသုံးပြု၍ ဖော်ထုတ်ရေးဆွဲတတ်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

■ **ဆရာ**။ ရေဆေးအနက် သို့မဟုတ် အပြာ၊ စုတ်တံ

● **ကျောင်းသား**။ ဖယောင်းရောင်စုံ၊ A4 စက္ကူ (A4 ကို နှစ်ပိုင်းပိုင်းပြီး ကလေးတစ်ဦးလျှင် ၂ ရွက်နှုန်းပေးရန်)

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

■ ကလေးများအား မည်သည့်ပုံများရေးဆွဲဘူးသလဲ။ ပုံဆွဲတဲ့အခါ ဘယ်လိုပစ္စည်းတွေသုံးဖူးလဲဟု မေးမြန်းခြင်း။

■ ဖယောင်းရောင်စုံနဲ့ ရေဆေးကိုသုံးပြီး ပုံရေးဆွဲကြည့်ရအောင်။

■ ဆရာမှ A4 စာရွက်ပေါ်တွင် ဖယောင်းရောင်စုံဖြင့် ရေးထားသော ရုပ်ပုံပေါ်တွင် ရေဆေးခြယ်ပုံကို နမူနာပြလုပ်ပြခြင်း။

● ဖယောင်းရောင်စုံဖြင့် ရေးဆွဲထားသောနေရာပေါ်တွင် ဆေးရောင်မထင်ဘဲ လွတ်နေသော စာရွက်နေရာများတွင် ရေဆေးစိမ့်ဝင်သွားကြောင်း သိရှိကြခြင်း။

**သင်ခန်းစာဖြစ်စဉ်**

■ ကျောင်းသုံးစာအုပ်ပါ ဥပမာကိုပြသ၍ ဖယောင်းရောင်စုံ ဆေးခြယ်ခြင်းဖြင့် နှစ်သက်ရာရုပ်ပုံများ ရေးဆွဲနိုင်ကြောင်း ရှင်းပြခြင်း။

■ ကျောင်းသားများအား မိမိနှစ်သက်ရာရုပ်ပုံများအား ဖယောင်းရောင်စုံဖြင့် ရေးဆွဲစေခြင်း။

■ ဆရာက ကျောင်းသားတို့၏ လုပ်ဆောင်မှုကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ပံ့ပိုးကူညီခြင်း။

**အခန်း(၂)** ရုပ်ပုံများရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း

**သင်ခန်းစာ(၃) ဖယောင်းရောင်စုံဖြင့် ရုပ်ပုံများရေးဆွဲပြီး ရေဆေးဖြင့်ခြယ်ခြင်း**
















၁၂

**သတိပြုရမည့်အချက်များ**

၁ ရေဆေးများကိုဖျော်စပ်ထားခြင်း။

၂ (ပထမဦးစွာ၊ ပုံဆွဲစက္ကူပေါ်တွင် ကြိုက်နှစ်သက်ရာရုပ်ပုံကို ဖယောင်းရောင်စုံဖြင့် ထင်ရှားစွာရေးဆွဲပြီး စာရွက်မျက်နှာပြင်တစ်ခုလုံးကို ရေဆေးအနက် သို့မဟုတ် အပြာရောင်ဖြင့် ဆေးခြယ်ရကြောင်း၊ ထိုသို့ဆေးခြယ်ရာတွင် ဖယောင်းရောင်စုံရုပ်ပုံကိုချန်ထားကာ ရှောင်ကွင်းပြီး ဆေးခြယ်ရန်မလိုအပ်ကြောင်း၊ ထိုနည်းကို ဖယောင်းရောင်စုံပုံတွင် ရေဆေးခြယ်ခြင်း

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ဖယောင်းရောင်စုံဖြင့် ဆေးခြယ်ထားသောရုပ်ပုံပေါ်တွင် ရေဆေးအနက် သို့မဟုတ် အပြာဖြင့် ဆေးခြယ်ခြင်း။

A ဖယောင်းရောင်စုံဖြင့် အဆင့်ဆင့်ဆေးခြယ်တတ်ပြီး ရေဆေးကို သပ်ရပ်လှပစွာ ခြယ်နိုင်ခြင်း။

B ဖယောင်းရောင်စုံနှင့် ရေဆေးကိုရေးခြယ်ရာတွင် အဆင့်ဆင့် မှန်ကန်မှုရှိခြင်း။

C ဖယောင်းရောင်စုံဖြင့် ရုပ်ပုံများကို မရေးဆွဲနိုင်သည့်အပြင် ရေဆေးအသုံးပြုမှု မှန်ကန်မှုမရှိခြင်း။




















**အသုံးပြုပစ္စည်းများ**



ဖယောင်း ရောင်စုံ | စုတ်တံ | စက္ကူ | ရေဆေး သို့မဟုတ် မဲနယ်

၁၃

## သတိပြုရမည့်အချက်များ

နည်းဟုခေါ်ကြောင်း ရှင်းပြခြင်း)။

၃ အချင်းချင်းပြောဆိုစေ၍ ရုပ်ပုံများကိုရေးဆွဲစေခြင်း။

- ကျောင်းသားများ မှန်ကန်စွာပြုလုပ်နိုင်စေရန် လှည့်လည်ကြည့်ရှုစေခြင်း။
- တင်ပြပြောဆိုသည့်အခါ အထက်ပါရေးဆွဲထားသော ရုပ်ပုံ၏ကောင်းကွက်များကို ချီးကျူးခြင်း။
- ရေဆေးမရနိုင်ပါက မဲနယ်ကို အရည်ဖျော်၍ သုံးနိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အခြားသူများ၏ လက်ရာနှင့်မတူညီမှုကို သင့်လျော်စွာ ရှင်းပြနိုင်ခြင်း။

A မိမိစိတ်ကူးဖြင့် ရုပ်ပုံများကို ဖန်တီးနိုင်သည့်အပြင် သင့်လျော်စွာ ရှင်းပြနိုင်ခြင်း။

B မိမိစိတ်ကူးဖြင့် ရုပ်ပုံများကိုဖန်တီးနိုင်သော်လည်း မှန်ကန်စွာ မရှင်းပြနိုင်ခြင်း။

C မိမိစိတ်ကူးဖြင့် ရုပ်ပုံများကို မဖန်တီးနိုင်သည့်အပြင် ရေဆေးခြယ်သပုံ မမှန်ကန်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

■ ကလေးများရေးဆွဲထားသောပုံများကို ကြိုက်နှစ်သက်သည့် အရောင်ရင့်သောရေဆေးဖြင့် ဆေးရောင်အပြည့်ခြယ်စေခြင်း။

■ မိမိရေးထားသည့်ပုံတွင် ဖယောင်းကို ချန်လှပ်၍ ဆေးရောင်ခြယ်ရန် မလိုကြောင်း ပြောပြခြင်း။

- ကလေးများ မိမိရေးဆွဲထားသော ရုပ်ပုံပေါ်တွင် ရေဆေးအပြာ သို့မဟုတ် အနက်ကို ဆေးရောင်အပြည့်ခြယ်ကြခြင်း။

■ ရေဆေးဖြင့် ဆေးခြယ်ပြီးစီးသွားသော ရုပ်ပုံများကို အချင်းချင်းကြည့်ရှုစေခြင်း၊ ရှင်းပြစေခြင်း။

■ အုပ်စုလိုက်တွေ့ဆုံပြောဆိုသည်များကို လေ့လာကြည့်ရှုခြင်း။

## နိဂုံး

■ စာသင်ခန်းရှေ့တွင် ပုံများကိုခင်းကျင်းပြသ၍ အချင်းချင်းလေ့လာကြည့်ရှု ဆွေးနွေးခြင်း။

■ စိတ်ဝင်စားစရာကောင်းသော ရုပ်ပုံကို ရေးဆွဲထားသည့် ကလေးများအား ရုပ်ပုံအကြောင်းပြောပြစေခြင်း။

- စိတ်ဝင်စားစရာကောင်းသော ရုပ်ပုံများ ရေးဆွဲထားသော ကလေးက အတန်းရှေ့တွင် သူငယ်ချင်းများအားလုံးကို ပြောပြစေခြင်း။

# ၂-၄ နှစ်သက်သော ကစားစရာ သစ်သီးဝလံနှင့် မိသားစုပုံများကို ဆေးရောင်ခြယ်ရေးဆွဲခြင်း

**စာသင်ချိန် (၁) ချိန်**

## သင်ယူမှုဦးတည်ချက်

● ကိုယ်ပိုင်စိတ်ကူးအတွေးဖြင့် ပုံရေးဆွဲ၍ ဆေးရောင်ခြယ်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

■ **ဆရာ**။ စက္ကူ၊ ဖယောင်းရောင်စုံစသည် ပါမလာသည့် ကလေးများအား လိုအပ်သည်ကိုစီစဉ်ပေးခြင်း။ A4 စက္ကူကို ကျောင်းသားတစ်ဦးလျှင်တစ်ရွက်နှုန်း (လိုအပ်ပါက ထပ်၍ပေးရန်)။

● **ကျောင်းသား**။ A4 စက္ကူ၊ ရောင်စုံခဲတံ၊ ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း

■ ကလေးများကြိုက်နှစ်သက်သောအရာကို မေး၍ ရုပ်ပုံ ၂ ပုံ ၃ ပုံခန့်ကို သင်ပုန်းကြီးပေါ်တွင် ရေးဆွဲပြခြင်း။

■ ရုပ်ပုံကို ခဲတံဖြင့်ဆွဲပြီးမှ ဆေးရောင်ခြယ်ရမည်ဖြစ်ကြောင်းကို ရှင်းပြခြင်း။

### သင်ခန်းစာဖြစ်စဉ်

■ ကလေးများအား သင်ပုန်းကြီးနှင့် ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ဥပမာများကို ကူးယူခြင်းမပြုဘဲ လွတ်လပ်စွာ မိမိကြိုက်နှစ်သက်သော ပုံများကို A4 စာရွက်တွင် ရေးဆွဲစေခြင်း။

■ ကလေးများခဲတံဖြင့် ရေးဆွဲထားသောပုံများကို ကြိုက်နှစ်သက်သော အရောင်ဖြင့် ဆေးရောင်ခြယ်စေခြင်း။


■ ကလေးများရေးဆွဲထားသော ပုံကိုကြည့်၍ လိုအပ်သည်များကို ကူညီပံ့ပိုးခြင်း။

ကလေးများ မိမိရေးဆွဲထားသော ရုပ်ပုံနှင့်လိုက်ဖက်သော အရောင်ကို စဉ်းစား၍ ဆေးရောင်ခြယ်ခြင်း။

**အခန်း(၂)** ရုပ်ပုံများရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း

**သင်ခန်းစာ(၄) နှစ်သက်သော ကစားစရာ သစ်သီးဝလံနှင့် မိသားစုပုံများကို ဆေးရောင်ခြယ်ရေးဆွဲခြင်း**




















## သတိပြုရမည့်အချက်များ

၁ သင်ပုန်းကြီးတွင်မြေဖြူဖြင့်ရိုးရှင်းသော ရုပ်ပုံများကို ဥပမာအဖြစ် ရေးဆွဲပြခြင်း၊ မြေဖြူမရှိပါက စာရွက်တွင် ပုံဆွဲ၍ ပြုလုပ်နိုင်ပါသည်။

● ကလေးများက ဖယောင်းရောင်စုံ သို့မဟုတ် ရောင်စုံခဲတံဖြင့် ဆေးခြယ်ရာတွင် အောက်ပါအချက်များကို သတိပြုရပါမည်။

၂ ဦးစွာခဲတံဖြင့် ရုပ်ပုံကိုရေးဆွဲ၍ အရောင်ခြယ်ရပါမည်။ ရေးဆွဲနေကျဖြစ်နေပါက ဖယောင်းရောင်စုံ သို့မဟုတ် ရောင်စုံခဲတံဖြင့် တိုက်ရိုက်ရေးဆွဲနိုင်ခြင်း။

၃ ကလေးကြိုက်နှစ်သက်သော အရောင်နှင့်ပုံတို့ရွေးချယ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ ကလေးများက ကြိုက်နှစ်သက်သော ပုံများကိုရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း။

A မိမိနှစ်သက်ရာကိုပေါ်လွင်အောင်ရေးဆွဲနိုင်ပြီး ရုပ်ပုံနှင့်လိုက်သော ဆေးရောင်ကိုစဉ်းစား၍ စုံလင်စွာ သပ်ရပ်ညီညာအောင် ခြယ်သနိုင်ခြင်း။

B မိမိနှစ်သက်ရာကို ရုပ်လုံးပေါ်လွင်အောင်ရေးဆွဲနိုင်ပြီး ဆေးရောင်ကို ညီညာသပ်ရပ်စွာ ခြယ်သနိုင်ခြင်း။

C ရုပ်ပုံမှာ ထင်ရှားမှုမရှိသည့်အပြင် လက်ရာသေသပ်မှုမရှိခြင်း။

















**အသုံးပြုပစ္စည်းများ**



စက္ကူ ဖယောင်းရောင်စုံ ရောင်စုံခဲတံ

၁၅

## သတိပြုရမည့်အချက်များ

၄ အရောင်ခြယ်သည့်အခါ ရုပ်ပုံ၏အပြင်သို့ မထွက်အောင် သတိပြုခြင်း။

၅ အရောင်တစ်ခုတည်း ခြယ်ခြင်းထက် အရောင်စုံလင်အောင် ခြယ်ခြင်းက ပို၍လှပပြီး ပျော်ရွှင်စရာကောင်းခြင်း။

၆ အချင်းချင်းကြည့်ရှုသည့်အခါ မည်သည့်ရုပ်ပုံကို ဘာအရောင်သုံးထားသလဲ၊ ဘာဖြစ်လို့ ၎င်းအရောင်ကို သုံးထားသလဲ စသည်တို့ကို မေးမြန်းပြောကြခြင်း။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ မိမိရေးဆွဲထားသော ပုံများ၏အကြောင်းကို ရှင်းပြခြင်း။

A မိမိရေးဆွဲထားသောရုပ်ပုံအကြောင်းကို ပိုမိုစိတ်ဝင်စားအောင် ဖန်တီးသရုပ်ဖော်ပြောပြနိုင်ခြင်း (အရောင်၊ ပုံသဏ္ဌာန် စသည်တို့ကို ပြည့်စုံစွာပြောပြနိုင်ခြင်း)။

B ရေးဆွဲထားသော ရုပ်ပုံအကြောင်းကို အရှိအတိုင်း ရှင်းပြနိုင်ခြင်း။

C ရေးဆွဲထားသော ရုပ်ပုံအကြောင်းကို လုံးဝမပြောပြနိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

- ရေးဆွဲ ဆေးခြယ်ပြီးစီးသွားသောရုပ်ပုံများကို အချင်းချင်းကြည့်ရှုစေခြင်း။
- အုပ်စုလိုက်တွေ့ဆုံပြောဆိုသည်များကို လေ့လာကြည့်ရှုခြင်း။
- ရေးဆွဲပြီးသောပုံများကို အချင်းချင်းကြည့်ရှု၍ လှပသောပုံများကို အားပေးချီးကျူးကြခြင်း။

## နိဂုံး

- စိတ်ဝင်စားစရာကောင်းသောအဖွဲ့ သို့မဟုတ် မိမိရေးဆွဲထားသောပုံအကြောင်းကို ပြောပြချင်သည့် ကလေးကို ရွေးချယ်၍ ပုံကိုရေးဆွဲထားရခြင်းအကြောင်းကို ပြောကြားစေခြင်း။

# ၂-၅ ဖယောင်းရောင်စုံဖြင့် ဆေးခြယ်ထားသောစက္ကူပေါ်တွင် တုတ်ချောင်းအသေးဖြင့် ရုပ်ပုံများရေးဆွဲခြင်း

**စာသင်ချိန် (၁) ချိန်**

**သင်ယူမှုဦးတည်ချက်**

- ဖယောင်းရောင်စုံဖြင့် ရေးဆွဲထားသော အောက်ခံစာရွက်တွင် မိမိ၏စိတ်ကူးဖြင့် ရုပ်ပုံများ ဖန်တီးရေးဆွဲတတ်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

■ **ဆရာ**။ A4 စက္ကူကို ၂ ပိုင်းပိုင်းပြီး ကလေးတစ်ဦးလျှင် ၂ ရွက်နှုန်းပေးရန်။

- **ကျောင်းသား**။ ဖယောင်းရောင်စုံ၊ ထိပ်ပိုင်းချွန်သော တုတ်ချောင်းအသေး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

■ ပန်းချီရေးဆွဲရန်လိုအပ်သောကိရိယာများကို ကျောင်းသားအား မေးမြန်းခြင်း (ရုပ်ပုံရေးဆွဲဖို့ ဘာပစ္စည်းတွေလိုသလဲ၊ ပြောပါ)။

■ ကလေးများအား ယူဆောင်ခဲ့ရန် မှာလိုက်သော ပစ္စည်းများယူဆောင်လာခဲ့ခြင်း ရှိ၊ မရှိ မေးမြန်းခြင်း။

- ကျောင်းသားမှ စာရွက်၊ ခဲတံ၊ ရောင်စုံခဲတံ၊ ရေဆေး စသည်ဖြင့် ဖြေကြားကြသည်။

**သင်ခန်းစာဖြစ်စဉ်**

■ စက္ကူပေါ်တွင် တုတ်ချောင်း၊ သွားကြားထိုးတံတို့ဖြင့် ရေးဆွဲလျှင်လည်း ပုံပေါ်နိုင်ကြောင်း ပြောပြ၍ ရေးဆွဲပုံအဆင့်ဆင့်ကို နမူနာပြုလုပ်ပြခြင်း။

■ ပထမဦးစွာစက္ကူပေါ်တွင် အရောင်တောက်ပသော ဖယောင်းရောင်စုံ ဖြင့်ဆေးခြယ်ခြင်း။ ပိုမိုထင်ရှားသော ရုပ်ပုံရရှိစေရန် ဆေးအနက်ကိုအပေါ်မှ ထပ်မံခြယ်သပြီး တုတ်ချောင်းလေးနှင့် ကြိုက်နှစ်သက်သလို ရေးခြစ်၍ ရုပ်ပုံကို ရေးဆွဲခြင်း။

**အခန်း(၂) ရုပ်ပုံများရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း**

သင်ခန်းစာ(၅) ဖယောင်းရောင်စုံဖြင့် ဆေးခြယ်ထားသောစက္ကူပေါ်တွင် တုတ်ချောင်းအသေးဖြင့် ရုပ်ပုံများရေးဆွဲခြင်း



လင်းပြီးတောက်ပတဲ့ အရောင်ကို ခြယ်မယ်။


အပေါ်ကနေ နက်တဲ့ အရောင်ကို ထပ်ခြယ်မယ်။

ထိပ်ချွန်တဲ့ တုတ်ချောင်းနဲ့ ပုံကိုဆွဲမယ်။












**သတိပြုရမည့်အချက်များ**

၁ အောက်ခံအရောင်အမျိုးမျိုးကိုသုံးလို့ ရတယ်။

၂ အောက်ခံအရောင်တစ်မျိုးတည်းသုံးပြီး အပေါ်မှအနက်ရောင် ထပ်ခြယ်ခဲ့တယ်။

၃ သွားကြားထိုးတံ၊ တုတ်ချောင်းအသေးတို့ကိုဖိ၍ ရေးခြစ်ရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ အရောင်ကိုအသုံးပြုပြီး ပုံရေးဆွဲနိုင်ခြင်း။

A အရောင်အမျိုးမျိုးကိုအသုံးပြုနိုင်ပြီး ရုပ်ပုံကိုသပ်ရပ်စွာ ရေးဆွဲနိုင်ခြင်း။

B အရောင်အမျိုးမျိုးကိုအသုံးပြုပြီး ရုပ်ပုံများကို ရေးဆွဲနိုင်ခြင်း။

C အရောင်တစ်မျိုးတည်းသာအသုံးပြုပြီး ရုပ်ပုံကြည်လင်မှုမရှိခြင်း။


















**အသုံးပြုပစ္စည်းများ**



ပုံဆွဲစက္ကူ | ဖယောင်းရောင်စုံ | ဝါးတူ | သွားကြားထိုးတံ

### သတိပြုရမည့်အချက်များ

၄ ကလေးအချင်းချင်းကြည့်ရှုလေ့လာစေ၍ ရှင်းလင်းစေခြင်း။

### စစ်ဆေးအကဲဖြတ်ခြင်း

၂။ ဒီဇိုင်းဖန်တီးမှု။

A ဆက်စပ်မှုရှိသော အရာအမျိုးမျိုးပါဝင်သည့် ရုပ်ပုံများကို ဖန်တီးနိုင်ခြင်း။

B ပုံတွင် အရာဝတ္ထုအမျိုးမျိုးပါဝင်သော ရုပ်ပုံများကို ရေးဆွဲနိုင်ခြင်း။

C ပုံတွင်အရာဝတ္ထုအမျိုးမျိုးပါဝင်အောင် မရေးဆွဲနိုင်ခြင်း။

### သင်ခန်းစာဖြစ်စဉ်

■ သင်ပြခဲ့သောအကြောင်းအရာမှ ရေးဆွဲပုံအဆင့်ဆင့်ကို ပြန်လည်ပြောဆိုစေခြင်း။

■ A4 စက္ကူပေါ်တွင် ဖယောင်းရောင်စုံ ဖြင့်ဆေးခြယ်၍ ထိပ်ပိုင်းချွန်သော တုတ်ချောင်းအသေး၊ သွားကြားထိုးတံဖြင့် နှစ်သက်သော ရုပ်ပုံကို လွတ်လပ်စွာရေးဆွဲစေခြင်း။

- မိမိနှစ်သက်သောပုံများကို လွတ်လပ်စွာလက်တွေ့ရေးဆွဲကြခြင်း။
- ဆရာက လှည့်လည်ကြည့်ရှု၍ လိုအပ်သည်ကို ကူညီပံ့ပိုးပေးခြင်း။

■ တုတ်ချောင်းကလေးကိုဖိ၍ရေးဆွဲလျှင် ရုပ်ပုံသည် ပို၍ပေါ်လွင်ကြောင်း ထပ်မံရှင်းလင်းခြင်း။

### နိဂုံး

■ ရေးဆွဲပြီးသောရုပ်ပုံများအား ကလေးအချင်းချင်းကြည့်ရှုစေခြင်း၊ မိမိစိတ်ကူးဖြင့် ဖန်တီးရေးဆွဲထားသော ရုပ်ပုံများအားရွေးချယ်၍ ကလေးများအား ကွဲပြားချက်များကို မေးမြန်းခြင်း။

- ကလေးအချင်းချင်း ရေးဆွဲထားသောရုပ်ပုံကို ကြည့်ရှု၍ မိမိအမြင်များကို ပြောကြားကြခြင်း၊ ဒီပုံလေးက အမျိုးမျိုးသောအရာများ (အိမ်၊ သစ်ပင်၊ စေတီ၊ ကောင်းကင်၊ နေ၊ လေယာဉ်ပျံ)ပါပြီး ပျော်ရွှင်စရာကောင်းသော မြင်ကွင်းတစ်ခုကိုရရှိပါတယ်။

# ၂-၆ ရေဆွတ်ထားသော စက္ကူပေါ်တွင် မင် သို့မဟုတ် ရေဆေး ရောင်စုံအစက်များချခြင်းဖြင့် အရောင်များရောနှောမှုကို လေ့လာခြင်း

**စာသင်ချိန် (၁) ချိန်**

## သင်ယူမှုဦးတည်ချက်

- အရောင်အမျိုးမျိုးစိမ့်ဝင်ပျံ့နှံ့မှုမှ ရရှိလာသော ပုံသဏ္ဌာန်နဲ့ အရောင်တို့ဖြစ်ပေါ်မှုကို သိရှိရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

■ **ဆရာ**။ ရေပုံး၊ A4 စက္ကူနှစ်ပိုင်းပိုင်းပြီး ကလေးတစ်ဦးလျှင် နှစ်ရွက်နှုန်းပေးရန်။ မင် သို့မဟုတ် ရေဆေးရောင်စုံ၊ မဲနယ်၊ စုတ်တံ၊ ဆေးစပ်ခွက်၊ ရေဇလုံ။

- **ကျောင်းသား**။ မရှိပါ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း

■ ကလေးတို့သိရှိပြီးသော အရောင်များနှင့် နှစ်သက်သော အရောင်များကို ကလေးအား မေးမြန်းခြင်း (ဘာအရောင်တွေကိုသိပါသလဲ၊ ဘယ်အရောင်အကြိုက်ဆုံးလဲ)။

■ ရေဆွတ်ထားသော စက္ကူပေါ်တွင် မင်၊ ရေဆေး အစက်များကိုချပြ၍ အရောင်အချင်းချင်းရောနှောပြီး ရလာသော ပုံသဏ္ဌာန်ကို ပြသ၍ မေးခွန်းမေးခြင်း (ဘယ်လိုပုံသဏ္ဌာန်ရှိလဲ)။

- ကလေးတို့က စဉ်းစား၍ အကြိုက်ဆုံးအရောင်ကို ဖြေဆိုကြခြင်း။
- ရရှိလာသော ပုံသဏ္ဌာန်တို့ကို မှန်းဆ၍ ဖြေဆိုကြခြင်း။

### သင်ခန်းစာဖြစ်စဉ်

■ ကျောင်းသုံးစာအုပ်တွင်ပါဝင်သော ဥပမာကို ကလေးတို့အား အမှတ်စဉ်အလိုက် ကြည့်ရှုစေ၍ ဘာအရောင်တွေပါလဲ၊ ဘာပုံလို့ မြင်ရလဲလို့ မေးမြန်းခြင်း။

■ လုပ်ဆောင်မှုအဆင့်ဆင့်တွင် သတိပြုရမည့်အချက်များကို ညွှန်ကြားခြင်း (ပေကျံမှုမရှိစေရေး၊ ရေဆွတ်သည့်အခါ အစိုမလွန်စေရေး)။




## သတိပြုရမည့်အချက်များ

၁ ဆရာမှ ရေကိုကြိုစီစဉ်ထားပြီး ကလေးများအား ရေဆွတ်ရန် ညွှန်ကြားရမည်။

၂ မူလအရောင်ဖြစ်တဲ့ အဝါ၊ အနီ၊ အပြာတို့ကို ချကြည့်ရင်လည်း ရပါတယ်။

၃ စက္ကူကို ဟိုဘက်ဒီဘက်လှည့်ပြီး ပုံအမျိုးမျိုးကို မြင်စေခြင်း။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ အရောင်ပျံ့နှံ၍ အမျိုးမျိုးသောအရောင်နှင့် ပုံသဏ္ဌာန်ပေါ်လွင်မှုတို့ကို ပြုလုပ်နိုင်ခြင်း။

A ဆေးရောင်ကိုအစက်ချ၍ကောင်းစွာ ဆေးရောင်များရော၍ ပြန့်နှံ့နေသည်မှာ သပ်ရပ်မှုရှိခြင်း။

B ဆေးရောင်စုံကို အစက်ချ၍ ဆေးရောင်များရော၍ ပြန့်နှံ့ခြင်း။

C ဆေးရောင်ကိုအစက်ချသော်လည်း ဆေးရောင်များ ရောနှောပြန့်နှံ့မှုမရှိခြင်း။



(၁)



(၂)






(၃)







**အသုံးပြုပစ္စည်းများ**



ဆေးခွက်



ရေဇလုံ



စုတ်တံ



သတင်းစာ

၁၉

## သတိပြုရမည့်အချက်များ

- ၄ စာရေးစားပွဲခုံများမညစ်ပတ်စေရန် ရေဆွတ်ထားသော စာရွက်၏ အောက်တွင်ဖလင်ပြား သို့မဟုတ် သတင်းစာအဟောင်းကို ခံထားရမည်။
- ၅ ဆေးရောင်မရှိရင် မင်ရည်(မဲနယ်ရည်)ကိုလည်း သုံးနိုင်သည်။ (ရေဆေးအသုံးပြုရာတွင် ကလေးများအတွက် သီးသန့်ထုတ်လုပ်ထားသော ရေဆေးကိုသာ အသုံးပြုရန်)။
- ● ဖြစ်ပေါ်လာသော ပုံသဏ္ဌာန်ကို မည်သည့်ပုံဖြစ်သည် ကို ပြောပြနိုင်ခြင်း။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ဖြစ်ပေါ်လာသောပုံသဏ္ဌာန်ကို အခြေခံ၍ မှန်းဆပြီး ပြောပြနိုင်ခြင်း။

A ဖြစ်ပေါ်လာသောပုံသဏ္ဌာန်ကို အခြေခံ၍ အရာဝတ္ထုကိုမှန်းဆပြီး ပြောပြနိုင်ခြင်း။

B ဖြစ်ပေါ်လာသောပုံသဏ္ဌာန်ကို ရိုးရှင်းစွာရှင်းပြနိုင်ခြင်း။

C ဖြစ်ပေါ်လာသောပုံသဏ္ဌာန်တို့ကို မရှင်းပြနိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

■ စက္ကူကိုလျင်မြန်စွာ ရေဆွတ်ရန် သတိပေးစေမည်။ ရေဆွတ်ထားသော စက္ကူကို သတင်းစာပေါ်တွင် ထားစေခြင်း။

■ ကလေးတို့အား ရေဆွတ်ထားသော စက္ကူပေါ်တွင် မိမိကြိုက်နှစ်သက်သော မင်၊ ရေဆေးတို့ကိုချစေ၍ ဆေးရောင်ပျံ့နှံ့မှုကို သိရှိစေခြင်းစေခြင်း။

■ ရေဆေးကို အစက်ချ၍ အရောင်ရောနှော ပြန့်နှံ့မှုကို ဘေးမှ သူငယ်ချင်းများနှင့် နှိုင်းယှဉ်ကြည့်ခြင်း။

● ကလေးများ၏ လုပ်ဆောင်ချက်ကို ကြည့်ရှုပံ့ပိုးပေးခြင်း။ ကောင်းစွာမပြုလုပ်နိုင်သော ကလေးများအား ဆေးစက်ချ၍ စက္ကူကို လှုပ်ရှားစေခြင်းဖြင့်လည်း အရောင်ရောနှောနိုင်ကြောင်းကို ရှင်းပြခြင်း။

■ အရောင်မများလွန်းအောင် သတိထားစေမည်။

## နိဂုံး

■ အချင်းချင်းပြသ၍ ကြည့်ရှုပြီး ကလေးများ၏ အမြင်ခံစားမှုကို အပြန်အလှန်ပြောပြစေခြင်း။

● ဖြစ်ပေါ်လာသော အရောင်နှင့် ပုံသဏ္ဌာန်ကို စိတ်ကူးဖြင့် ပုံဖော်၍ ရုပ်ပုံအကြောင်းကို ပြောပြခြင်း။

# ၃-၁ ရောင်စုံစက္ကူကို ကတ်ကြေးဖြင့် ဖြတ်ညှပ်ခြင်း

**စာသင်ချိန် (၂) ချိန်**

## သင်ယူမှုဦးတည်ချက်

၁။ ကတ်ကြေးအစိတ်အပိုင်း၊ အမည်၊ ကိုင်တွယ်ပုံ၊ ပေးပုံပေးနည်းတို့ကိုပြောပြတတ်ပြီး အန္တရာယ်ကင်းစွာ အသုံးပြုတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

■ **ဆရာ**။ ရောင်စုံစက္ကူမရှိပါက သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင် ဂျာနယ်များကို အသုံးပြုရန်။ ကတ်ကြေး၊ ပလတ်စတစ်အိတ်။

● **ကျောင်းသား**။ မရှိပါ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း

■ ကတ်ကြေးကိုပြသ၍ အမည်၊ မည်ကဲ့သို့အသုံးပြုသနည်းဟု မေးမြန်းခြင်း။

■ ကတ်ကြေးအစိတ်အပိုင်းအမည်တို့ကို ကလေးတို့အား မေးမြန်းခြင်း။


■ ကတ်ကြေးအသုံးပြုသည့်အခါ ကျောင်းသုံးစာအုပ်ပါ သတိပြုရန်အချက်များကိုရှင်းပြပြီးနောက် ကျောင်းသားများအား ကတ်ကြေးပေးခြင်း။

### သင်ခန်းစာဖြစ်စဉ်

■ ရောင်စုံစက္ကူများကို အဝိုင်း၊ သုံးထောင့်၊ လေးထောင့် ပုံသဏ္ဍာန်များကိုညှပ်ကာ ကလေးတို့အားပြသပြီး မေးခွန်းမေးခြင်း (ဒီပုံသဏ္ဍာန်တို့ကို ဘယ်လိုခေါ်သလဲ။ သင်္ချာဘာသာတွင် သင်ခဲ့ဘူးသလား)

■ ဆရာမှ မိမိနှင့်အတူကလေးတို့အား (သုံးထောင့် ၃ ခု၊ လေးထောင့် ၂ ခု၊ အဝိုင်း ၁ ခု)တို့ကို သင်ကြားရင်းနှင့် ညှပ်စေခြင်း။

● ကလေးများက ပုံသဏ္ဍာန်များ၏အမည်ကို ပြန်လည်ဖြေဆိုပြီးနောက် ဆရာညွှန်ကြားသည့်အမျိုးမျိုးသော ပုံသဏ္ဍာန်တို့ကို အရေအတွက်လိုက် ညှပ်ကြခြင်း။




## သတိပြုရမည့်အချက်များ

၁ သင်ခန်းစာမစတင်မီ ကျောင်းဖတ်စာအုပ်ကို ဖတ်စေခြင်း ကတ်ကြေးကိုင်ပုံကိုင်နည်း၊ အခြားသူထံသို့ ပေးပုံပေးနည်း၊ ကတ်ကြေးအသွားကိုမထိရန် အဖွင့်အပိတ်ကို ဖြည်းညှင်း စွာပြုလုပ်ရန်တို့ကိုသတိပေးပြီးနောက် ကလေးတို့အား ကတ်ကြေးပေးခြင်း။ (ထိပ်ချွန်သော ကတ်ကြေးသုံးလျှင် အန္တရာယ်မဖြစ်အောင် ဆရာမှသေချာစွာကြည့်ရှုရမည်။ ကလေးသုံး ကတ်ကြေးကို အသုံးပြုနိုင်ပါက ပိုမိုသင့်တော် ပါသည်။)

၂ အဝိုင်းကိုဖြတ်သည့်အခါ ကတ်ကြေးကို လှုပ်ရှားမှုမပြုဘဲ စာရွက်ကိုင်ထားသောလက်ကိုသာ လှုပ်ရှားရန် ရှင်းပြပြီး ထပ်မံ၍ အဝိုင်းပုံသဏ္ဍာန်ကို လက်တွေ့ဖြတ်၍ ပြသခြင်း။


## စစ်ဆေးအကဲဖြတ်ခြင်း

၁။ ကတ်ကြေးနှင့်ပတ်သက်ပြီး ဗဟုသုတကိုပြောနိုင်ခြင်း။

A ကတ်ကြေးအစိတ်အပိုင်းအမည်၊ ကတ်ကြေးကိုင်ပုံကိုင်နည်း၊ ကတ်ကြေးကို အခြားသူထံသို့ ပေးပုံပေးနည်း စသည်တို့ကို မှန်ကန်စွာပြောပြနိုင်ခြင်း။

B ကတ်ကြေးအစိတ်အပိုင်းအမည်၊ ကတ်ကြေးကိုင်ပုံကိုင်နည်း၊ ကတ်ကြေးကို တခြားသူထံသို့ ပေးပုံပေးနည်း စသည်တို့ကို အနည်းငယ်သာပြောပြနိုင်ခြင်း။

C ကတ်ကြေး၏ အစိတ်အပိုင်းအမည်၊ အခြားသူထံပေးအပ်ခြင်းတို့ကို လုံးဝမပြောပြနိုင်ခြင်း။




## သတိပြုရမည့်အချက်များ

- ကလေးကဖြတ်ယူလိုက်သော ပုံသဏ္ဍာန်များ၏ နာမည်ကို အလွတ်မှတ်ရန် မလိုပါ။
  မိမိကျောင်းအစီအစဉ်အရ အခန်း(၃)သင်ခန်းစာ (၁) နှင့် အခန်း (၃) သင်ခန်းစာ(၂)တို့ကို (၂)ချိန် ဆက်တိုက် သင်ကြားနိုင်ပါက ပိုမို၍အဆင်ပြေပါသည်။ ဆက်တိုက်သင်ကြားပါက တစ်ချိန်နှင့်တစ်ချိန်ကြား (၁၀) မိနစ်ခေတ္တနားပြီးမှ ဒုတိယအချိန်ကိုဆက်၍ သင်ကြားနိုင်ပါသည်။ သင်ခန်းစာ (၃–၁) နှင့်(၃–၂)သင်ခန်းစာကိုအချိန် ဆက်တိုက်မသင်ကြားနိုင်ပါက ဖြတ်ညှပ်ထားသောစက္ကူစများကို စာရွက်ပေါ်တွင် အမည်ရေး၍ မှတ်သားပြီး ပလတ်စတစ်အိတ်ဖြင့် သိမ်းဆည်းထားရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ကတ်ကြေးကိုအသုံးပြု၍ ဂျီဩမေတြီပုံသဏ္ဍာန်များကို ဖြတ်နိုင်ခြင်း။

A အဝိုင်း၊ လေးထောင့်၊ သုံးထောင့်နှင့် စာရွက်နှစ်ရွက်ထပ်ပြီး တူညီသော ပုံသဏ္ဍာန်တို့ကို ညှပ်ယူနိုင်ခြင်း။

B အဝိုင်း၊ လေးထောင့်၊ သုံးထောင့်တို့ကို ညှပ်ယူနိုင်သော်လည်း စာရွက်နှစ်ရွက်ထပ်ပြီး တူညီသော ပုံသဏ္ဍာန်တို့ကို မညှပ်ယူနိုင်ခြင်း။

C လွယ်ကူသော ပုံသဏ္ဍာန်ရှိသောလေးထောင့်၊ သုံးထောင့်ပုံများကိုသာ ညှပ်ယူနိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

- ကျောင်းသုံးစာအုပ်ပါ ဥပမာကို လေ့လာကြည့်ရှုပြီးနောက် စာရွက်ကိုထပ်၍အပေါ်ဆုံးစာရွက်တွင် ပုံသဏ္ဍာန်ကိုရေးဆွဲပြီးမှ ညှပ်စေခြင်း။
- ကလေးတို့၏ လုပ်ဆောင်ချက်များကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည် များကို ကူညီပံ့ပိုးပေးခြင်း။
- ညှပ်စများကို ပုံသဏ္ဍာန်တူရာများ စု၍ ခွဲခြားစေခြင်း။

## နိဂုံး

- ကလေးအချင်းချင်းဖြတ်ယူထားသော ပုံသဏ္ဍာန်များကို ကြည့်ရှုစေခြင်း။
- ကလေးများအား မိမိဖြတ်ယူထားသော ရောင်စုံစက္ကူ ပုံသဏ္ဍာန်များအား ပလတ်စတစ်အိတ်ဖြင့်ထည့်၍ သိမ်းဆည်းစေခြင်း၊ ကတ်ကြေးကို ဆရာထံပြန်လည်အပ်နှံစေခြင်း၊ မိမိဝန်းကျင်အနီးအနားတွင် ကျနေသောစက္ကူအပိုင်းအစများကို ကောက်ယူသိမ်းဆည်းစေခြင်း။
- ဤသင်ခန်းစာသည် ကတ်ကြေးကို စတင်ကိုင်တွယ်အသုံးပြုရသည့်သင်ခန်းစာဖြစ်၍ ကလေးများအတွက် အန္တရာယ်ကင်းရှင်းစေရန် ဆရာများမှ မျက်ခြေမပြတ် ဂရုစိုက်ကြည့်ရှုပေးရန် အရေးကြီးပါသည်။

# ၃-၂ ရောင်စုံစက္ကူ ဖြတ်စများကို ကော်ဖြင့်ကပ်၍ နှစ်သက်သလို သရုပ်ဖော်ခြင်း

**စာသင်ချိန်(၂)ချိန်**

**သင်ယူမှုဦးတည်ချက်**

- ရောင်စုံဖြတ်စများ၏ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် အရောင်အမျိုးမျိုးကိုပေါင်းစပ်၍ ဒီဇိုင်းဖန်တီးတတ်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

■ **ဆရာ**။ ရောင်စုံစက္ကူ (A4) စက္ကူ၊ ကော်၊ ကတ်ကြေး။

● **ကျောင်းသား**။ ရောင်စုံစက္ကူဖြတ်စများ၊ အောက်ခံစက္ကူဖြူ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

■ပြီးခဲ့သော စာသင်ချိန်တုန်းက ဖြတ်ညှပ်ခဲ့တဲ့ စက္ကူစများကို ကလေးတို့အား ဝေငှပေးခြင်း။

■စက္ကူစများကို ကော်ကပ်၍ ရုပ်ပုံများပြုလုပ်ခြင်းကို ရှင်းလင်းပြောကြားခြင်း။

**သင်ခန်းစာဖြစ်စဉ်**

■ကျောင်းသုံးစာအုပ်ပါ ဥပမာကိုပြသ၍ ရောင်စုံစက္ကူစများဖြင့် နမူနာတစ်ခုကို လက်တွေ့ပြုလုပ်ပြခြင်း။

■ပုံသဏ္ဌာန်မစုံလင်သော ကလေးများအား အပိုရှိသော ကလေးများထံမှ ခွဲဝေပေးခြင်း။

■ခဲတံကိုအသုံးပြု၍ ပုံဆွဲရန်မဟုတ်ကြောင်း၊ ရှိပြီးသားရောင်စုံစက္ကူစများကိုသာအသုံးပြု၍ ရုပ်ပုံပြုလုပ်ရန်ဖြစ်ကြောင်း ရှင်းပြခြင်း။

**အခန်း(၃)** စက္ကူကို အသုံးပြု၍ လက်မှုပစ္စည်းများ ပြုလုပ်ခြင်း

သင်ခန်းစာ(၂) ရောင်စုံစက္ကူဖြတ်စများကို
ကော်ဖြင့်ကပ်၍ နှစ်သက်သလို သရုပ်ဖော်ခြင်း






**သတိပြုရမည့်အချက်များ**

① ရောင်စုံစက္ကူဖြတ်စများကို နေရာချကြည့်ပြီး ဒီဇိုင်းကို စဉ်းစားခြင်း။

② ရောင်စုံစက္ကူ ဖြတ်စ၊ ညှပ်စများကို လွတ်လပ်စွာ ရုပ်ပုံလေးများ ပြုလုပ်ခြင်း။

③ အောက်ခံစက္ကူအရောင်နှင့် လိုက်ဖက်သောစက္ကူအပိုင်းအစများကို သင့်လျော်စွာသုံးခြင်း (အောက်ခံစက္ကူ အရောင်ရင့်ပါက အရောင်နုသော စက္ကူစများကိုသာသုံးပြီး အောက်ခံစက္ကူအရောင်နုပါက အရောင်ရင့်သော စက္ကူစများကိုသာ အသုံးပြုရန်)

④ စက္ကူဖြတ်စများကို အရောင်ပါသော အောက်ခံစက္ကူ ပေါ်တွင်ကော်ကပ်ပြီး ပုံသဏ္ဌာန်ဖော်ခြင်း။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ စက္ကူပုံသဏ္ဌာန်အမျိုးမျိုးကိုဆက်၍ ရုပ်ပုံပြုလုပ်နိုင်ခြင်း။

A အောက်ခံစက္ကူပေါ်တွင် ရောင်စုံစက္ကူစ၏ အရောင်နှင့် ပုံသဏ္ဌာန်များကို သင့်လျော်စွာရွေးချယ်၍ အသုံးပြုနိုင်ခြင်း။


B အောက်ခံစက္ကူပေါ်တွင် ရောင်စုံစက္ကူစ၏အရောင် သို့မဟုတ် ပုံသဏ္ဌာန် တစ်ခုခုကို သင့်လျော်စွာအသုံးပြုနိုင်ခြင်း။

C မည်သည့်အရာမှ မပြုလုပ်နိုင်ခြင်း။

**ကျွန်ုပ်တို့၏ လက်ရာများ**








သုံးပြီးတဲ့ပစ္စည်းတွေကို
သိမ်းရအောင်။






**အသုံးပြုပစ္စည်းများ**




၂၃

## သတိပြုရမည့်အချက်များ

၁ ရောင်စုံစက္ကူမရှိပါက အောက်ခံစက္ကူကို အဖြူသာသုံးရန်။

● (စက္ကူအပိုင်းအစများတွင်သာ ကော်သုတ်ရန်ဖြစ်ပါသည်။ အောက်ခံစက္ကူပေါ်တွင် ကော်တိုက်ရိုက် မသုတ်ရန်)

● ပြုလုပ်ပြီးသော ရုပ်ပုံများအား သူငယ်ချင်းအချင်းချင်း အမြင်ဖလှယ်ကြစေခြင်း။ (ကော်ကိုအသုံးပြုရာတွင် လက်ခလယ်ဖြင့် ကော်သုတ်ပါက ပိုပြီးအဆင်ပြေသည်၊ လက်ညှိုးနှင့်လက်မတို့သည် စာရွက်အပိုင်းအစများကို ကိုင်တွယ်ရန် ဖြစ်ပါသည်။)

၆ ကျန်ရှိသော စက္ကူဖြတ်စများနှင့် သုံးပြီးသားပစ္စည်းများအား ဆရာထံ အပ်နှံရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ စက္ကူစများ၏အရောင်နှင့်ပုံသဏ္ဍာန်များကို ဖန်တီးနိုင်ခြင်း။

A စက္ကူစ၏အရောင်နှင့်ပုံသဏ္ဍာန်ကို အသုံးပြု၍ တခြားသူများနှင့်မတူအောင် ဒီဇိုင်းပုံများကို မိမိ၏စိတ်ကူးဖြင့် ဖန်တီးနိုင်ခြင်း။

B စက္ကူစ၏အရောင်နှင့်ပုံသဏ္ဍာန်ကိုအသုံးပြု၍ တခြားသူများနှင့် မတူသော ဒီဇိုင်းပုံကို အနည်းငယ်ပြောင်းလဲနိုင်ခြင်း။

C ဒီဇိုင်းပုံများကို မိမိစိတ်ကူးအတိုင်း မပြုလုပ်နိုင်ခြင်း သို့မဟုတ် ဒီဇိုင်းပုံ မပြုလုပ်နိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

■ ညှပ်ထားသော ရောင်စုံစက္ကူစများဖြင့် ကလေးများ ကြိုက်နှစ်သက်သော ဒီဇိုင်းကိုနေရာချထားပြီးမှ အောက်ခံစာရွက်ပေါ်တွင် ကော်ဖြင့် ကပ်၍ နှစ်သက်ရာ ရုပ်ပုံ၊ ဒီဇိုင်းများကို ပြုလုပ်စေခြင်း။

● ကလေးတို့က မိမိနှစ်သက်သော ရုပ်ပုံဒီဇိုင်းများကို ဦးစွာနေရာချကြည့်ပြီး ဆုံးဖြတ်ကာ ကော်ဖြင့်ကပ်၍ ရုပ်ပုံပြုလုပ်ခြင်း။

■ ဆရာက ကလေးတို့၏ လုပ်ဆောင်မှုကို လှည့်လည်ကြည့်ရှုပြီးနောက် လိုအပ်သည်များကိုကူညီပံ့ပိုးပေးပြီး ကလေးတို့ပြုလုပ်ထားသော ရုပ်ပုံနှင့်ပတ်သက်၍ မေးမြန်းခြင်း (ကလေးရဲ့ရုပ်ပုံက ဘာပုံလဲ၊ ကလေးတို့ ပြုလုပ်ထားသောပုံ၏ ဒီဇိုင်းအမည်ကိုပြောပြပါ)။

## နိဂုံး

■ ပြုလုပ်ပြီးသော ရုပ်ပုံဒီဇိုင်းများအား ကလေးအချင်းချင်း ကြည့်ရှုစေ၍ ကောင်းသောအကြောင်းအရာများကို ရှာဖွေ၍ ပြောကြားစေခြင်း။

# ၃-၃ ရောင်စုံစက္ကူများကို ကော်အသုံးပြု၍ ကွင်းဆက်များ ပြုလုပ်ခြင်း

**စာသင်ချိန် (၂) ချိန်**

**သင်ယူမှုဦးတည်ချက်**

- အရောင်အမျိုးမျိုးကို ပေါင်းစပ်၍ အလှဆင်ပြီး စက္ကူကွင်းဆက် ပြုလုပ်တတ်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

■ **ဆရာ**။ ရောင်စုံစက္ကူ၊ သတင်းစာ၊ ဂျာနယ်၊ ကော်၊ ကတ်ကြေး၊ ပြက္ခဒိန်။ (အိမ်မှမယူလာသော ကလေးများအား ပေးနိုင်ရန်)

- **ကျောင်းသား**။ ရောင်စုံစက္ကူ၊ သတင်းစာ၊ ဂျာနယ်၊ ပြက္ခဒိန်။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

■ ဆရာက ရောင်စုံစက္ကူအရှည်စများကိုပြသ၍ စက္ကူစ၏ အရောင်ကို မေးမြန်းခြင်း။

■ ဆရာက ရောင်စုံစက္ကူအရှည်ကို လိပ်ခေါက်ပြီး ကတ်ကြေးဖြင့် ဖြတ်ပြ၍ ရရှိလာသောစက္ကူ အရှည်စများ၏ အဖျားကိုကော်ဖြင့်ကပ်ပြီး ကွင်းဆက်အတွဲများပြုလုပ်၍ အလှဆင်နိုင်ကြောင်း ပြောပြ၍ နမူနာပြုလုပ်ပြသခြင်း။

**သင်ခန်းစာဖြစ်စဉ်**

■ ဆရာမှထပ်မံ၍ စာရွက်အရှည်များကို လိပ်ခေါက်၍ ညှပ်ပြပြီးနောက် ကလေးများထံရောင်စုံစက္ကူနှင့် ကတ်ကြေးကိုပေးပြီး ကျောင်းဖတ်စာအုပ်တွင်ပါဝင်သော စက္ကူအရှည် များကဲ့သို့ ပြုလုပ်စေခြင်း။

■ ရောင်စုံစက္ကူများနည်းနေသော ကလေးများအား ဖြတ်ပြီးသားရှိသည့် ကလေးများထံမှ အလဲအလှယ်ပြုလုပ်စေ၍ အရောင်စုံလင်အောင် ပြုလုပ်စေခြင်း။

**အခန်း(၃)** စက္ကူကို အသုံးပြု၍ လက်မှုပစ္စည်းများ ပြုလုပ်ခြင်း

သင်ခန်းစာ(၃) ရောင်စုံစက္ကူများကို ကော်အသုံးပြု၍ ကွင်းဆက်များ ပြုလုပ်ခြင်း




၂၆

**သတိပြုရမည့်အချက်များ**

၁ ရောင်စုံစက္ကူမရှိပါက သတင်းစာ၊ ဂျာနယ်၊ ပြက္ခဒိန်အဟောင်းများကို အသုံးပြုနိုင်သည်။

● ကျောင်းသုံးစာအုပ်မှနမူနာများကိုကြည့်၍ ဆရာမှ စက္ကူအရှည်စများ ဖြစ်အောင်ပြုလုပ်နေပုံကိုပြသခြင်း၊ ကွင်းများဖြစ်အောင်ပြုလုပ်ပါက အလွန်လှပကြောင်းပြောပြခြင်း။

၂ ရောင်စုံစက္ကူတို့ကိုလိပ်ခေါက်၍ ကတ်ကြေးဖြင့်ညှပ်ခြင်း။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ရောင်စုံစက္ကူများဖြင့် စက္ကူကွင်းဆက်အတွဲများကို သေချာစွာ ပြုလုပ်နိုင်ခြင်း။

A ရောင်စုံစက္ကူနှင့် သတင်းစာစက္ကူများကို ကပ်ကြေးဖြင့် သေချာစွာညှပ်ပြီး ခိုင်ခံ့စွာ ကွင်းဆက်ပြုလုပ်နိုင်ခြင်း။

B ရောင်စုံစက္ကူနှင့် သတင်းစာစက္ကူများကို ကပ်ကြေးဖြင့် သေချာစွာညှပ်ပြီး ကွင်းဆက်ပြုလုပ်နိုင်ခြင်း။

C ရောင်စုံစက္ကူနှင့် သတင်းစာစက္ကူများကို ကပ်ကြေးဖြင့် ညှပ်ပြီး ကွင်းဆက် မပြုလုပ်နိုင်ခြင်း။




















**အသုံးပြုပစ္စည်းများ**


ရောင်စုံစက္ကူ


ကော်


ပိတ်စ


သတင်းစာ


ကတ်ကြေး

၂၅

## သတိပြုရမည့်အချက်များ

၃ အပိုင်းလေးများဖြစ်လာစေရန် ကော်ဖြင့် ကပ်ခြင်း၊ အပိုင်းလေးများ ဆက်ပြီး သံကြိုးကွင်းဆက်များ ပြုလုပ်ခြင်း။

၄ မိမိခန္ဓာကိုယ်ပေါ်တွင် အလှဆင်ခြင်း။

၅ အားလုံးစုပေါင်း၍ပြုလုပ်ထားသော သံကြိုးကွင်းဆက်များကို စာသင်ခန်းအတွင်း၌ စည်းလုံးညီညွတ်စွာဖြင့် ပျော်ရွှင်စွာ အလှဆင်ကြခြင်း။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အမျိုးမျိုးသော အရောင်များကိုပေါင်းစပ်၍ အရောင်စုံလင်သော စက္ကူကွင်းဆက်များကို ပြုလုပ်ခြင်း။

A စက္ကူကွင်းဆက်များကို အရောင်အသွေးစုံချိတ်ဆက်ပြီး သေသပ်လှပစွာ ဖန်တီးပြုလုပ်နိုင်ခြင်း။

B စက္ကူကွင်းဆက်များကို အရောင်အသွေးစုံ ချိတ်ဆက်ပြီး ဖန်တီးပြုလုပ်နိုင်ခြင်း။

C အရောင်အသွေးစုံချိတ်ဆက်ပြီး ဖန်တီးမပြုလုပ်နိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

■ ဆရာက ကျောင်းသုံးစာအုပ်ပါဥပမာကို ကလေးတို့အား ကြည့်ရှုစေခြင်း။

■ ဆရာက ကလေးတို့၏ လုပ်ဆောင်မှုကို လှည့်လည် ကြည့်ရှု၍ လိုအပ်သည်များကိုကူညီပံ့ပိုးပေးခြင်း။

■ ကလေးများပြုလုပ်ပြီးစီးသွားသော လက်ရာများကို ဆရာကသိမ်းဆည်းထားပေးပြီး နောက်စာသင်ချိန်တွင် ကျောင်းသားများထံ ပြန်လည်ပေးအပ်၍ ဆက်လက်လုပ်ဆောင်စေခြင်း၊ စာသင်ချိန်တစ်ချိန်နှင့်မပြီးပါက ဒုတိယအချိန်တွင် ဆက်လက်ပြုလုပ်နိုင်ရန် ဆရာက သိမ်းဆည်းထားပေးပါရန်။

● ကလေးများက ကြိုက်နှစ်သက်သောအရောင်များကို ပေါင်းစပ်၍ စက္ကူကွင်းဆက်များကို ပြုလုပ်စေခြင်း။

■ ဆရာကကျောင်းသုံးစာအုပ်ပါ ဥပမာ ကို ကလေးများအား ကြည့်စေပြီး ပြုလုပ်ထားသော စက္ကူကွင်းဆက်ကို ဘယ်လိုအလှဆင်ကြမှာလဲဟု မေးမြန်းခြင်း။

■ ကလေးများပြုလုပ်ထားသော ရောင်စုံစက္ကူကွင်းဆက်အတွဲများကို အသုံးပြု၍ အလှဆင်ကြခြင်း။

● ကလေးများက ပြုလုပ်ထားသော စက္ကူကွင်းဆက်၏ ကြိုက်နှစ်သက်သောအပိုင်းကိုပေါင်းစပ်ပြီး လွတ်လပ်စွာ အလှဆင်ကြခြင်း။

## နိဂုံး

■ ဆရာက ကလေးများလုပ်ဆောင်မှုကို ကြည့်ရှုအားပေးခြင်း။

■ အလှဆင်ထားသော ရောင်စုံစက္ကူကွင်းဆက်လေးများကို အချင်းချင်းပြသ၍ အမြင်များကို ပြောကြားစေခြင်း။

● ကလေးအချင်းချင်းပြုလုပ်ထားသော လက်ရာတို့ကို ကြည့်ရှုပြီး သူငယ်ချင်းရဲ့စက္ကူကွင်းဆက်က ကော်ကပ်တာခိုင်ရဲ့လား၊ အရောင်ပေါင်းစပ်မှုက လှတယ်။

# ၃-၄ စက္ကူကိုလက်ဖြင့်ဆုတ်ဖြဲပြီး မိမိနှစ်သက်သော ရုပ်ပုံများပြုလုပ်ခြင်း

**စာသင်ချိန် (၁) ချိန်**

## သင်ယူမှုဦးတည်ချက်

- စက္ကူပုံသဏ္ဌာန်အမျိုးမျိုးကို ပေါင်းစပ်၍ ဒီဇိုင်းဖန်တီးတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

■ **ဆရာ**။ ရောင်စုံစက္ကူ၊ သတင်းစာ၊ စာစောင်၊ ပြက္ခဒိန်အဟောင်း၊ ကော် (မပါလာသော ကလေးများကို ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရန်)

- **ကျောင်းသား**။ ရောင်စုံစက္ကူ၊ သတင်းစာ၊ စာစောင်၊ ပြက္ခဒိန်ဟောင်း၊ A4 စာရွက်။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း

■ဖယောင်းရောင်စုံ၊ ရောင်စုံခဲတံတို့ကိုမသုံးဘဲ ရောင်စုံစက္ကူ၊ သတင်းစာ၊ စာစောင်၊ ပြက္ခဒိန်ဟောင်းတို့ကို လက်ဖြင့်ဆုတ်ဖြဲပြီး ရုပ်ပုံများ ပြုလုပ်နိုင်ကြောင်း ပြောပြခြင်း။

■သတင်းစာစက္ကူကို ပုံသဏ္ဌာန်သတ်မှတ်ခြင်းမရှိဘဲ ဆုတ်ဖြဲခြင်း။

■ဆုတ်ဖြဲထားသောစက္ကူများကို မိမိနှစ်သက်ရာရုပ်ပုံအဖြစ် ကော်ဖြင့်ကပ်၍ရကြောင်း ပြောပြခြင်း။

- ကလေးတို့က သေချာစွာ ကြည့်ရှုလေ့လာ မှတ်သားကြသည်။

### သင်ခန်းစာဖြစ်စဉ်

■ဆုတ်ဖြဲထားသော ရောင်စုံစက္ကူစနှင့် သတင်းစာများကို အသုံးပြု၍ ပုံသဏ္ဌာန်တစ်ခုပြုလုပ်ပြီး ကလေးများမြင်နိုင်စေရန် နမူနာအဖြစ် ဆုတ်ဖြဲထားသော ရောင်စုံစက္ကူစနှင့် သတင်းစာစက္ကူများကို အသုံးပြု၍ ရုပ်ပုံတစ်ခုကို သင်ပုန်းကြီးပေါ်တွင် ကော်ဖြင့်ကပ်၍ ပြသပြီး မေးခွန်းများမေးခြင်း။

■ဒီရုပ်ပုံက ဘာပုံလေးဖြစ်သလဲ။

■ နမူနာလုပ်ပြရာတွင် ကော်ကို အနည်းငယ်သာကပ်ရန် သတိပြုရမည် တစ်ခန်းလုံးမြင်နိုင်အောင် ကြီးကြီးလုပ်ပေးရမည်။

**အခန်း(၃)** စက္ကူကို အသုံးပြု၍ လက်မှုပစ္စည်းများ ပြုလုပ်ခြင်း

**သင်ခန်းစာ(၄) စက္ကူကို လက်ဖြင့် ဆုတ်ဖြဲပြီး မိမိနှစ်သက်သော ရုပ်ပုံများပြုလုပ်ခြင်း**






















၂၆

## သတိပြုရမည့်အချက်များ

၁ ရောင်စုံစက္ကူ၊ သတင်းစာ၊ စာစောင်၊ ပြက္ခဒိန်ဟောင်း တို့ကို လွတ်လပ်စွာ ဆုတ်ဖြဲခြင်း။

၂ ကော်မကပ်မီဒီဇိုင်းကို ဦးစွာစဉ်းစား၍ အရင်လျာထားခြင်း။

၃ စက္ကူဖြတ်စတွေကို A4 စက္ကူပေါ်တွင် ကော်နှင့်စနစ်တကျသပ်ရပ်စွာ ကပ်ရမည်။ (အောက်ခံကိုရောင်စုံစက္ကူဖြင့်လည်း သုံးနိုင်သည်။)

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ စက္ကူပုံသဏ္ဌာန်အမျိုးမျိုးကိုကော်ဖြင့်ကပ်၍ ရုပ်ပုံပြုလုပ်နိုင်ခြင်း။

A ပုံသဏ္ဌာန်အမျိုးမျိုးရှိသော စက္ကူများကို ပေါင်းစည်း၍ ရရှိလာသော ရုပ်ပုံကို ရှင်းလင်းစွာနားလည်နိုင်ခြင်း။

B ပုံသဏ္ဌာန်အမျိုးမျိုးရှိသော စက္ကူများကို ပေါင်းစည်း၍ ရရှိလာသော ရုပ်ပုံကို ကြည့်ရုံနှင့်မည်သည့်ပုံဟု နားမလည်နိုင်ဘဲ ကလေးများအားမေးယူမှသာ ရုပ်ပုံကို နားလည်နိုင်ခြင်း။

C ကလေးက မည်သည့်ပုံဖြစ်သည်ဟု ပြောဆိုနိုင်သော်လည်း ၎င်းပုံစံအဖြစ်မမြင်ခြင်း။

















**အသုံးပြုပစ္စည်းများ**



သတင်းစာ　ကော်　စက္ကူ　ပိတ်စ



## သင်ခန်းစာဖြစ်စဉ်

■ကျောင်းသုံးစာအုပ်မှ ဥပမာကို ကလေးတို့အား ကြည့်ရှုစေခြင်း။

■စက္ကူကို စိတ်တိုင်းကျလက်ဖြင့်ဆုတ်ဖြဲပြီး ၎င်းတို့ကို ပေါင်းစပ်၍ အောက်ခံစာရွက်ပေါ်တွင် မိမိနှစ်သက်ရာ ဒီဇိုင်းပြုလုပ်ကာ ကော်ဖြင့်ကပ်စေခြင်း။

■ကလေး၏လုပ်ဆောင်ချက်များကိုကြည့်ရှု၍ လိုအပ်သည်များကိုကူညီပံ့ပိုးပေးခြင်း။

■စက္ကူကို ဆုတ်ဖြဲပြီး ပုံပေါ်လာစေရန် မပြုလုပ်တတ်သော ကလေးများ၊ ကော်ကောင်းစွာ မကပ်တတ်သော ကလေးများအားကူညီပေးရပါမည်။

■ကလေးတို့ပြုလုပ်ထားသော ရုပ်ပုံဒီဇိုင်းအမျိုးအမည်ကို မေးမြန်းခြင်း။

- ပြုလုပ်ထားသောရုပ်ပုံဒီဇိုင်းတို့၏ အမျိုးအမည်ကို ပြောပြခြင်း။

## နိဂုံး

■ပြုလုပ်ပြီးသော ရုပ်ပုံဒီဇိုင်းများ အား ကလေးအချင်းချင်း ကြည့်ရှုစေ၍ အမြင်ကိုပြောပြစေခြင်း။

- ကလေးအချင်းချင်း ပြုလုပ်ထားသော လက်ရာတို့ကို ကြည့်ရှုပြီး ကောင်းတဲ့အကြောင်းများကို ရှာဖွေ၍ ပြောကြားခြင်း။

## သတိပြုရမည့်အချက်များ

- ကော်ကိုအသုံးပြုနေစဉ် လက်သန့်ရှင်းမှုပြုလုပ်ရန်အတွက် ရေစိုအဝတ်စုတ်၊ စက္ကူစုတ်တို့ကို ကလေးများ၏အနားတွင် ထားပေးရန် ဂရုပြုရပါမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပြုလုပ်ထားသော ရုပ်ပုံများနှင့် ဒီဇိုင်းအကြောင်းကို ပြောပြခြင်း။

A ကျောင်းသုံးစာအုပ်ပါဥပမာနှင့်မတူညီသည့် ပိုမိုပြည့်စုံသော ဒီဇိုင်းကို ဖန်တီးပြီး ၎င်းဒီဇိုင်းအကြောင်းကိုစိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးပြောကြားနိုင်ခြင်း။

B ကျောင်းသုံးစာအုပ်ပါဥပမာနှင့်မတူညီသော ပုံသဏ္ဌာန်ဒီဇိုင်းကို ဖန်တီးနိုင်ပြီး ၎င်းဒီဇိုင်းအကြောင်းကို ရှင်းပြနိုင်ခြင်း။

C ဖန်တီးမှုပါသောလက်ရာများကို မပြုလုပ်နိုင်ခြင်း။

# ၄-၁ ရုပ်ပုံများရေးဆွဲထားသော ကတ်ထူပြား စက္ကူပုံးခွံ စက္ကူဘူးခွံတို့ကို ပေါင်းစပ်ကာ မြို့တည်ဆောက်ခြင်း

**စာသင်ချိန် (၂) ချိန်**

## သင်ယူမှုဦးတည်ချက်

- ကတ်ထူပြား စက္ကူပုံးခွံ၊ ဘူးခွံတို့၏ အရောင်နှင့်ပုံသဏ္ဌာန်တို့ကိုပေါင်းစပ်ကာ အသုံးပြု၍ နှစ်သက်ရာ ပုံသဏ္ဌာန်များကို ဖန်တီးပြုလုပ်နိုင်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

■ **ဆရာ**။ ကတ်ထူပြား၊ စက္ကူပုံးခွံ၊ ဘူးခွံ၊ ကော်၊ တိပ်၊ ဆော့ပင်၊ ဖယောင်းရောင်စုံ။

- **ကျောင်းသား**။ စက္ကူပုံးခွံ၊ ဘူးခွံအသေးအမျိုးမျိုး၊ ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း

■ ပြီးခဲ့သော သင်ခန်းစာတွင် အသုံးပြုသော ပစ္စည်းများနှင့် ပြုလုပ်ခဲ့သော ရုပ်ပုံဒီဇိုင်းများကို မေးမြန်းခြင်း။

■ ကတ်ထူပြား၊ စက္ကူပုံးခွံ၊ ဘူးခွံအမျိုးမျိုးပေါ်တွင် နှစ်သက်သောရုပ်ပုံများရေးဆွဲ၍ အိမ်အဆောက်အဦကဲ့သို့သော ပုံသဏ္ဌာန်များပြုလုပ်နိုင်ကြောင်း ပြောပြ၍ အိမ်ပုံစံနမူနာ တစ်ခုပြုလုပ်ပြခြင်း။

### သင်ခန်းစာဖြစ်စဉ်

■ ကျောင်းသုံးစာအုပ်ပါ ဥပမာများကို ကလေးတို့အား ကြည့်ရှုစေပြီး ယူဆောင်လာသော ဘူးခွံများတွင် အိမ်၊ ကား၊ အဆောက်အဦပုံစံကို ဆော့ပင်တို့ဖြင့် ရေးဆွဲစေခြင်း။

■ မိမိတွင်ရှိသော ကတ်ထူပြား၊ စက္ကူပုံးခွံ၊ ဘူးခွံတို့ဖြင့် လိုက်ဖက်သောပုံများ ရေးဆွဲရမည်။

■ စက္ကူပုံးခွံ၊ ဘူးခွံအလုံအလောက်မရှိပါက မျှဝေပေးခြင်း။

**အခန်း(၄)** ပတ်ဝန်းကျင်ရှိ အလွယ်တကူရရှိနိုင်သော ပစ္စည်းများဖြင့် လက်မှုပစ္စည်းများ ပြုလုပ်ခြင်း

သင်ခန်းစာ(၁) ရုပ်ပုံများရေးဆွဲထားသော ကတ်ထူပြား စက္ကူပုံးခွံ စက္ကူဘူးခွံတို့ကို ပေါင်းစပ်ကာ မြို့တည်ဆောက်ခြင်း



ဘူးခွံအမျိုးမျိုး သုံးနိုင်တယ်။












၂၈

## သတိပြုရမည့်အချက်များ

❶ ကတ်ထူပြား၊ ဘူးခွံသေးလျှင် တစ်ဦးတည်းဆွဲပြီး ကြီးလျှင် ၂ ဦး သို့မဟုတ် ၃ ဦး စုပေါင်း၍ ရေးဆွဲနိုင်တယ်။

❷ ပေါ်လွင်ထင်ရှားတဲ့ ဆေးရောင်ကိုသုံးမယ်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ ကတ်ထူပြားနှင့် စက္ကူပုံးခွံ၊ ဘူးခွံအမျိုးမျိုးစသည်တို့တွင် ပုံသဏ္ဌာန်နှင့် လိုက်ဖက်မှုရှိသော ပုံများကို ရေးဆွဲခြင်း။

A ကတ်ထူပြား၊ စက္ကူပုံးခွံ၊ ဘူးခွံအမျိုးမျိုးစသည်တို့တွင် ၎င်းတို့ ပုံသဏ္ဌာန်နှင့်လိုက်ဖက်မှုရှိသောရုပ်ပုံများကို ရေးဆွဲအသုံးပြုထားသော အရောင်များသပ်ရပ်လှပပြီး သဘာဝအရောင်ရှိခြင်း။

B ကတ်ထူပြား၊ စက္ကူပုံးခွံ၊ ဘူးခွံအမျိုးမျိုးစသည်တို့တွင် ၎င်းပုံသဏ္ဌာန်နှင့် လိုက်ဖက်မှုရှိသော ရုပ်ပုံနှင့် အရောင်တို့ကိုသုံး၍ ရေးဆွဲနိုင်ခြင်း။

C ကတ်ထူပြား၊ စက္ကူပုံးခွံ၊ ဘူးခွံအမျိုးမျိုးစသည်တို့တွင် ၎င်းတို့ ပုံသဏ္ဌာန် နှင့် လိုက်ဖက်သောရုပ်ပုံ မရေးဆွဲနိုင်ခြင်း။















**အသုံးပြုပစ္စည်းများ**



စက္ကူဘူးခွံ　ကော်　တိပ်　ဆေးပင်　ဖယောင်းရောင်စုံ



## သတိပြုရမည့်အချက်များ

၃ နေရာ အရင်လျာထားပြီးမှ တိပ် သို့မဟုတ် ကော်ဖြင့် ကပ်ပါ။

၄ ကတ်ထူပြားအရောင်အနအရင့်ကို ခွဲခြားရင် ပိုမိုကြည့် ကောင်းပါတယ်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ကတ်ထူပြား၊ စက္ကူပုံးခွံ၊ ဘူးခွံအမျိုးမျိုးကို အသုံးပြု၍ မြို့တည်ဆောက်နိုင်ခြင်း။

A　ပုံသဏ္ဌာန်ရဲ့ ဆက်စပ်မှုနှင့် အရောင်ပေါင်းစပ်မှုတို့ကို စဉ်းစားပြီး မြို့တည်ဆောက်ခြင်း။

B　ပုံသဏ္ဌာန်ရဲ့ ဆက်စပ်မှု သို့မဟုတ် အရောင်ပေါင်းစပ်မှုတစ်ခုကိုသာ စဉ်းစား၍ ပြုလုပ်ဖွဲ့စည်းခြင်း။

C　ပုံသဏ္ဌာန်ရဲ့ ဆက်စပ်မှုနှင့် အရောင်ပေါင်းစပ်မှုကိုမစဉ်းစားဘဲ စိတ်ကြိုက်ကိုသာ လုပ်နိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

■ရေးဆွဲပြီးသော အဆောက်အဦ၊ အိမ်တို့ကို ပေါင်းစပ်ပြီး မြို့တည်ဆောက်စေခြင်း။

- ပြုလုပ်ပြီးသောလက်ရာတို့ကိုပေါင်းစပ်၍ အချင်းချင်းတိုင်ပင်ဆွေးနွေးပြီး မြို့တည်ဆောက်ခြင်း။ ဆရာက လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ပံ့ပိုးကူညီပေးခြင်း။
- မြို့တည်ဆောက်ရာတွင် လိုအပ်သည့်နေရာ၊ တိပ်၊ ကော်ကပ်ရာတွင် အခက်အခဲရှိပါက ပံ့ပိုးပေးရန်။ အုပ်စုဖွဲ့ပေးပြီး မြို့တည်ဆောက်ခြင်း။

## နိဂုံး

■ပြုလုပ်ပြီးသော မြို့ပုံစံကလေးများအား သရုပ်ပြကစားစေခြင်း။

- ကလေးများက မြို့ပုံစံအား အချင်းချင်းကြည့်ရှုလေ့လာ၍ သရုပ်ပြကစားကြခြင်း ရှင်းလင်းပြသခြင်း။

## ၄-၂ သစ်ရွက်များဖြင့် ပုံစံအမျိုးမျိုးပြုလုပ်ခြင်း
**စာသင်ချိန်(၂)ချိန်**

**သင်ယူမှုဦးတည်ချက်**

● သစ်ရွက်၏ အရောင်နှင့်ပုံသဏ္ဍာန်ကို အသုံးပြု၍ စိတ်ကူးဖြင့် ပေါင်းစပ်ဖန်တီးတတ်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

■ **ဆရာ။** A4စက္ကူ ပလတ်စတစ်အိတ်(၈ × ၁၄ လက်မ)၊ ကော်။

● **ကျောင်းသား။** စက္ကူ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

■ ကျောင်းသုံးစာအုပ်ပါဥပမာကိုပြသ၍ အရွက်တို့ဖြင့် အမျိုးမျိုးသောပုံသဏ္ဍာန်များကို ပြုလုပ်နိုင်ကြောင်း ရှင်းလင်းခြင်း။

■ ကလေးတို့ ဒီလိုပုံလေးတွေ လုပ်ကြရအောင်။

**သင်ခန်းစာဖြစ်စဉ်**

■ ကျောင်းသားတစ်ဦးလျှင် ပလတ်စတစ်အိတ် ၁ လုံးစီ ပေးကာ ဆရာနှင့်အတူ စာသင်ခန်းအပြင်ထွက်ပြီး သစ်ရွက်များကိုရှာဖွေ၍ ပလတ်စတစ်အိတ်ထဲထည့်ကာ စာသင်ခန်းအတွင်းသို့ ယူလာရန် ပြောကြားခြင်း။

**အခန်း(၄)** ပတ်ဝန်းကျင်ရှိ အလွယ်တကူရရှိနိုင်သော ပစ္စည်းများဖြင့် လက်မှုပစ္စည်းများ ပြုလုပ်ခြင်း

သင်ခန်းစာ(၂) သစ်ရွက်များဖြင့် ပုံစံအမျိုးမျိုးပြုလုပ်ခြင်း




၂၀

### သတိပြုရမည့်အချက်များ

၁ ကြွေကျနေသောအရွက်တို့ကိုရှာဖွေရန်၊ သစ်ပင်မှ မခူးရန် သတိပေးရမည်။

၂ သစ်ရွက်တို့ကို ဦးစွာလျှာထားပြီးမှ ကော်ဖြင့် သေချာစွာ ကပ်ရမည်။

၃ သူငယ်ချင်းလိုအပ်တဲ့ သစ်ရွက်ကို အချင်းချင်းမျှဝေသုံးစွဲမည်။

၄ မတူညီတဲ့အရောင်နဲ့ သစ်ရွက်ကိုသုံးရင် ပိုလှသည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ သစ်ရွက်တို့ကို သေချာသပ်ရပ်စွာကော်ကပ်ခြင်း။

A ကော်ပေကျံခြင်းမရှိဘဲ သေချာသပ်ရပ်စွာ စက္ကူပေါ်တွင် သစ်ရွက်တို့ကို ကပ်နိုင်ခြင်း။

B စက္ကူပေါ်တွင် သစ်ရွက်တို့ကို ကပ်နိုင်သော်လည်း ကော်ပေကျံနေသော နေရာများရှိခြင်း။

C စက္ကူပေါ်တွင် သစ်ရွက်တို့ကို သေချာသပ်ရပ်စွာ မကပ်နိုင်ဘဲ ကွာကျနေခြင်း။

စာသင်ခန်းအတွင်းမှာ ပုံလေးတွေ လုပ်ကြစို့။




















**အသုံးပြုပစ္စည်းများ**



စက္ကူ ကော် ပလတ်စတစ်အိတ် ပိတ်စ

၃၁

## သတိပြုရမည့်အချက်များ

- ၅ ပြုလုပ်ပြီးသောသူက ဆရာကိုပြ၍ ရုပ်ပုံအကြောင်းအား ရှင်းပြစေခြင်း။
- မိမိတို့ပြုလုပ်ထားသောရုပ်ပုံများကို အိမ်သို့ ယူဆောင်သွားစေခြင်း။
- ကော်ကိုအသုံးပြုနေစဉ် လက်သန့်ရှင်းရေးပြုလုပ်ရန်အတွက် ရေစိုအဝတ်စုတ်၊ စက္ကူစတို့ကို ကလေးများ၏ အနားတွင်ထားပေးရန် ဂရုပြုရပါမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ သစ်ရွက်၏ အရောင်နှင့်ပုံသဏ္ဌာန်ကို သုံး၍ လုပသော ရုပ်ပုံများ ဖန်တီးတတ်ခြင်း။

A အရွက်၏ အရောင်နှင့်ပုံသဏ္ဌာန်တို့ကို အသုံးချ၍ တခြားသူများနှင့် မတူညီသော လက်ရာ၊ သီးခြားတီထွင်မှုကို ပြုလုပ်နိုင်ခြင်း။

B သစ်ရွက်၏ အရောင်နှင့်ပုံသဏ္ဌာန်တို့ကို အသုံးချ၍ လက်ရာပြုလုပ်နိုင်သော်လည်း ကျောင်းသုံးစာအုပ်ပါ ဥပမာလက်ရာများနှင့် ဆင်တူခြင်း။

C သစ်ရွက်၏ အရောင်နှင့်ပုံသဏ္ဌာန်တို့ကို အသုံးချ၍ လက်ရာများကို မပြုလုပ်နိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

- ■ကျောင်းသုံးစာအုပ်ပါဥပမာအတိုင်း သစ်ရွက်တို့ကို ကော်နှင့်ကပ်၍ ရုပ်ပုံများပြုလုပ်ပြခြင်း။
- ■ကလေးများယူဆောင်လာသော သစ်ရွက်တို့ဖြင့် စာရွက်ဖြူပေါ်တွင် မိမိနှစ်သက်ရာပုံသဏ္ဌာန်ကို နေရာချပေါင်းစပ်စေပြီးမှ ကော်ဖြင့်ကပ်စေခြင်း။
- ● မိမိနှစ်သက်ရာပုံသဏ္ဌာန်ပေါ်လွင်အောင် ပေါင်းစပ်နေရာချကြည့်ပြီးမှ ကော်ကပ်ကြခြင်း။
- ■ကလေး၏ လုပ်ဆောင်ချက်များကိုကြည့်ရှု၍ လိုအပ်သည်များကိုကူညီပံ့ပိုးပေးခြင်း (ဒီဇိုင်းမဖန်တီးတတ်သော ကလေးများ၊ ကော်ကောင်းစွာ မကပ်တတ်သော ကလေးများ၊ သစ်ရွက်များအား ကလေးအချင်းချင်း ခွဲဝေသုံးစွဲစေခြင်း)။
- ■မိမိလက်ရာကို အမည်ပေးစေခြင်း။
- ● မိမိတို့ပုံအောက်ခြေတွင် ပုံ၏အမည်ကို ရေးကြခြင်း။

## နိဂုံး

- ■တခြားသူများနှင့် မတူညီသော ဒီဇိုင်းများနှင့် သီးသန့်ဖန်တီးဖွဲ့စည်းထားသော ပုံကိုရွေးချယ်၍ ကလေးများနှင့်အတူ ၎င်းလက်ရာကိုကြည့်ရှု၍ မေးခွန်းမေးခြင်း။
- ■ကျန်အမှိုက်များကို ပြန်လည်ရှင်းလင်းစေခြင်း။
- ● ကလေးတို့ပြုလုပ်ထားသောပုံများကို ကြည့်ရှု၍ မြင်တွေ့ရသည့်အတိုင်း လွတ်လပ်စွာဖြေဆိုကြခြင်း။
- ● အမှိုက်များကို ပြန်လည်ရှင်းလင်းကြခြင်း။

# ၄-၃ ခွက်များကို အသုံးပြု၍ သဲ သို့မဟုတ် မြေကြီးဖြင့် နှစ်သက်ရာပုံစံအမျိုးမျိုးပြုလုပ်ခြင်း

**စာသင်ချိန် (၁) ချိန်**

**သင်ယူမှုဦးတည်ချက်**

● ထိတွေ့ခံစားမှုအတွေးကိုအခြေခံ၍ ဒီဇိုင်းဖန်တီးတတ်ပြီး ပူးပေါင်းဆောင်ရွက်တတ်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

■ **ဆရာ**။ သဲ သို့မဟုတ် မြေကြီးရှိတဲ့နေရာကို စီစဉ်ပေးရန်။

● **ကျောင်းသား**။ ခွက်ပုံစံအမျိုးမျိုး၊ ပန်းပွင့်၊ သစ်ရွက်၊ သစ်စေ့၊ ကျောက်စရစ်ခဲလေးများ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

■ ကျောင်းသုံးစာအုပ်ပါ နမူနာများကို ကလေးများအား ကြည့်ရှုစေခြင်း။

■ သဲ သို့မဟုတ် မြေကြီးကိုပြ၍မေးခွန်းများမေးခြင်း။

■ ဒါလေးတွေက ဘာလဲသိလား။ ဒီနေ့ဆရာတို့ သဲ သို့မဟုတ် မြေကြီးကိုသုံးပြီး ဘာပုံလေးတွေလုပ်ကြရင် ကောင်းမလဲ။

■ အားလုံးအတူတူလုပ်ကြည့်ချင်လား။

ကျောင်းသုံးစာအုပ်ပါ နမူနာများကို ပျော်ရွှင်စွာကြည့်ကြခြင်း

■ သဲ သို့မဟုတ် မြေကြီးနဲ့ ဘာလုပ်မည်ကိုဖြေခြင်း (လူပုံ၊ အိမ်ပုံ၊ ကစားစရာ၊ ဘောလုံးစသည့်)။

**သင်ခန်းစာဖြစ်စဉ်**

■ ကလေးများကိုစာသင်ခန်းပြင်ပရှိ သဲ၊ မြေကြီးရှိသော နေရာသို့ ခေါ်ဆောင်သွားခြင်း။

■ ကျောင်းသုံးစာအုပ်ပါ နမူနာအတိုင်း မိမိစိတ်ကြိုက်ပုံစံများကို လွတ်လပ်စွာပြုလုပ်စေ၍ သစ်ရွက်၊ ပန်းပွင့်များဖြင့် အလှဆင်စေခြင်း။

**အခန်း(၄)** ပတ်ဝန်းကျင်ရှိ အလွယ်တကူရရှိနိုင်သော ပစ္စည်းများဖြင့် လက်မှုပစ္စည်းများ ပြုလုပ်ခြင်း

သင်ခန်းစာ(၃) ခွက်များကိုအသုံးပြု၍ သဲ သို့မဟုတ် မြေကြီးဖြင့် နှစ်သက်ရာပုံစံ အမျိုးမျိုးပြုလုပ်ခြင်း











၃၂

**သတိပြုရမည့်အချက်များ**

၁ ခွက်ထဲတွင် သဲ သို့မဟုတ် မြေကြီးကို အပြည့်ဖြည့်ပြီး တင်းနေအောင် ဖြည့်ရမည်။

၂ ခွက်ကိုသေချာစွာမှောက်၍ အပေါ်သို့ မတင်ပြီးမှ ပုံသဏ္ဌာန်ပေါ်အောင် လုပ်ရမည်။

၃ အုပ်စုလေးများဖွဲ့ပြီး သဲ သို့မဟုတ် မြေကြီးဖြင့် စနစ်တကျပြုလုပ်စေခြင်း။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ခွက်အမျိုးမျိုးတွင် သဲ သို့မဟုတ် မြေကြီးကိုထည့်၍ နှစ်သက်ရာပုံစံများ ပြုလုပ်ပြီး ထိုပုံစံငယ်များကို အလှဆင်ခြင်း။

A ပုံစံများကို သပ်သပ်ရပ်ရပ်ပြုလုပ်နိုင်ပြီး၊ သစ်ရွက်၊ ကျောက်စရစ်များနှင့် စုံလင်စွာအလှဆင်နိုင်ခြင်း။

B ပုံစံများကိုသာ ပြုလုပ်နိုင်ခြင်း။

C ပုံစံရေးအလှဆင်ခြင်းပါ မပြုလုပ်နိုင်ခြင်း။











**အသုံးပြုပစ္စည်းများ**



ပလတ်စတစ်ခွက်များ








## သတိပြုရမည့်အချက်များ

၄ မြေကြီးပေါ်တွင်လမ်းကြောင်းလေးဖော်ဆောင်စေခြင်း။

၅ အုပ်စုအချင်းချင်းလှည့်လည်ကြည့်ရှုပြီး ပြောဆိုစေခြင်း။

၆ စာသင်ချိန်ပြီးဆုံးပါက ကလေးများအား လက်ကိုဆပ်ပြာဖြင့်ဆေးပြီး မှသာ စာသင်ခန်းအတွင်းသို့ ဝင်ရောက်စေခြင်း။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အချင်းချင်းပူးပေါင်းကူညီ၍ လုပ်ဆောင်နိုင်ခြင်း။

A အချင်းချင်းဆွေးနွေးတိုင်ပင်ပြီး စုပေါင်းကာ ပြုလုပ်ထားသော ပုံစံငယ်များပေါင်းစပ်၍ ပန်းခြံငယ်စသည်တို့ကို ပြုလုပ်နိုင်ခြင်း။

B ဆရာညွှန်ကြားမှ အချင်းချင်းပူးပေါင်း၍ ပန်းခြံငယ်စသည်တို့ကို ပြုလုပ်နိုင်ခြင်း။

C ဆရာညွှန်ကြားသော်လည်း တစ်ဦးချင်းစီသာ သီးသန့်ပြုလုပ်နိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

■ မိမိတို့ဘာသာအဖွဲ့ငယ်များဖွဲ့၍ ပူးပေါင်းလုပ်ဆောင်နေသော ကလေးငယ်များရှိပါက အခြားကလေးငယ်များကိုပြ၍ အတုယူပူးပေါင်းလုပ်ဆောင်စေခြင်း။

■ အဖွဲ့ငယ်များဖွဲ့၍မလုပ်ဆောင်ပါက အဖွဲ့ငယ်များဖွဲ့၍ ပူးပေါင်းကူညီဆောင်ရွက်ကြရန် ညွှန်ကြားခြင်း။

- အဖွဲ့ဝင်အချင်းချင်းပူးပေါင်း၍ ကြီးမားသောပုံစံ၊ ဒီဇိုင်းကိုပြုလုပ်ခြင်း။
- အဖွဲ့လိုက်ပြုလုပ်ထားသောပုံစံ၊ ဒီဇိုင်းကိုရှင်းပြခြင်း။

■ ကလေးတို့ပြုလုပ်ထားသော ပုံသဏ္ဌာန်များကို လှည့်လည်ကြည့်ရှုခြင်း။

■ အုပ်စုဖွဲ့ပြုလုပ်ထားသောပုံစံများ သေသပ်လှပမှု ရှိ၊ မရှိကို လှည့်လည်ကြည့်ရှုပြီးလိုအပ်ပါက ကူညီဆောင်ရွက်ပေးခြင်း။

- မိမိတို့နှစ်သက်သော ပုံစံဒီဇိုင်းများကို လွတ်လပ်စွာ ပြုလုပ်ကြခြင်း။
- မိမိတွင်မရှိသော အလှဆင်ပန်းပွင့်အရွက်များကို သူငယ်ချင်းထံမှ တောင်းယူခြင်း။

## နိဂုံး

■ အဖွဲ့လိုက်ပြုလုပ်ထားသေ ပုံသဏ္ဌာန်များကို ကြည့်ကာ ထင်မြင်ချက်ကို ပြောကြားစေခြင်း။

# ၄-၄ ရွှံ့ဖြင့် နှစ်သက်သောပုံစံများ ဖန်တီးပြုလုပ်ခြင်း

**စာသင်ချိန် (၂) ချိန်**

**သင်ယူမှုဦးတည်ချက်**

- ရွှံ့၏ပုံသွင်းပြုပြင်နိုင်ခြင်းကိုသိမှတ်၍ ဒီဇိုင်းဖန်တီးတတ်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

■ **ဆရာ**။ ရွှံ့ (ကလေးတစ်ဦးလျှင် ၃၀ ကျပ်သားခန့်ဖြင့် အတန်းတွင်းရှိ လူဦးရေအလိုက်စီစဉ်ထားရပါမည်) ရွှံ့တင်သည့်အပြား၊ လက်သုတ်ပဝါ (လိုအပ်ပါက ပုံ့ပိုးပေးရန်) ပလတ်စတစ်အိတ်၊ ခဲတံ သို့မဟုတ် ဝါးတူ။

- **ကျောင်းသား**။ ခဲတံ၊ သစ်ကိုင်းခြောက်၊ ပေတံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

■ ဆရာက ပြီးခဲ့သောသင်ခန်းစာများတွင် ဘယ်လိုပစ္စည်းမျိုးကို အသုံးပြုခဲ့သလဲ။ သင်ခန်းစာတွင် အသုံးပြုခဲ့သော ပစ္စည်းများ၊ ပုံသဏ္ဌာန်၊ ဒီဇိုင်းတို့ကို ကျောင်းသားအချို့အား မေးမြန်းခြင်း။

**သင်ခန်းစာဖြစ်စဉ်**

■ ရွှံ့နှင့်အောက်ခံကတ်ထူပြားများကို အုပ်စုများခွဲကာ အုပ်စုခေါင်းဆောင်မှတစ်ဆင့် ကလေးများအား ဝေငှပေးပါမည်။ (ဆရာက ရွှံ့ကို ကျောင်းသားဦးရေအလိုက် ကြိုတင်ရှာဖွေ၍ ပြင်ဆင်ထားရမည်)

■ ဆရာက ရွှံ့ကိုအသုံးပြု၍ လက်ဖြင့်အမျိုးမျိုးသော ပုံသဏ္ဌာန်ကိုပြုလုပ်နိုင်ကြောင်းရှင်းပြပြီး အခြေခံကျသောဘောလုံးပုံ ဘဲဥပုံလေးထောင့်ပုံတုတ်ချောင်း ပုံသဏ္ဌာန်တို့ကိုပြုလုပ်ပြခြင်း။

■ ကလေးများလက်တွေ့ပြုလုပ်ရာတွင် ရွှံ့ကိုလိုအပ်သလောက် ဖဲ့ထုတ်၍ အသုံးပြုနိုင်ကြောင်း။

- အုပ်စုခေါင်းဆောင်မှ တခြားကလေးများကို ဝေငှပေးခြင်း။
- ကလေးတို့က ဆရာပြုလုပ်ပြသသည်ကိုကြည့်ပြီး ရွှံ့ဖြင့် ပုံစံအမျိုးမျိုးကိုပြုလုပ်နိုင်ကြောင်းကို သိရှိပြီး နမူနာကို သေချာစွာကြည့်ရှု၍ ပြုလုပ်ပုံကို မှတ်သားကြခြင်း။

**အခန်း(၄)** ပတ်ဝန်းကျင်ရှိ အလွယ်တကူရရှိနိုင်သော ပစ္စည်းများဖြင့် လက်မှုပစ္စည်းများ ပြုလုပ်ခြင်း

သင်ခန်းစာ(၄) ရွှံ့ဖြင့် နှစ်သက်သောပုံစံများ ဖန်တီးပြုလုပ်ခြင်း



ရွှံ့နဲ့ အခြေခံပုံအမျိုးမျိုး လုပ်ကြည့်ရအောင်။



ရွှံ့နဲ့ ရွှေဖရုံသီး ပြုလုပ်ပုံ အဆင့်ဆင့်။



ရွှံ့နဲ့ ရုပ်ပုံအမျိုးမျိုး လုပ်နိုင်တယ်။






၃၄

**သတိပြုရမည့်အချက်များ**

၁ ခဲတံ သို့မဟုတ် ဝါးတူကိုအသုံးပြုပြီး ပြုလုပ်ထားတယ်။

၂ ရွှံ့တင်ဖို့အတွက် ကတ်ထူကိုအသုံးပြုလို့ရတယ်။

- ရွှံ့ထည့်သည့် အိတ်များကို စနစ်တကျအမှိုက်ပုံးအတွင်း သို့ စွန့်ပစ်ရန်နှင့် သင်ခန်းစာပြီးဆုံးချိန်တွင် လက်ကို ဆပ်ပြာနှင့် စင်ကြယ်စွာဆေးရန် သတိပြုရပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ အဝိုင်းတုတ်ချောင်းစသည့် အခြေခံပုံသဏ္ဌာန်များကို ရွှံ့ဖြင့် ပြုလုပ်နိုင်ခြင်း။

A ခက်ခဲသော အခြေခံပုံသဏ္ဌာန်ကို ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ပြုလုပ်နိုင်ခြင်း။

B ခက်ခဲသော အခြေခံပုံသဏ္ဌာန် (အဝိုင်း၊ လေးထောင့်)တို့ကို ပြုလုပ်နိုင်ခြင်း။

C အခြခံပုံသဏ္ဌာန်တို့ကို မပြုလုပ်နိုင်ခြင်း။

















၂

**အသုံးပြုပစ္စည်းများ**









၂၅

## သတိပြုရမည့်အချက်များ

● အကဲဖြတ်ပြီးပါက ကျန်ရှိသော ရွှံ့များကို ဆရာမှ ပြန်လည်သိမ်းဆည်းထားရမည်။ (ရွှံ့ကြိုတင်ပြင်ဆင်ခြင်း အဆင့်ဆင့်ကို ကိုးကားရန်)

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အခြားသူများ၏လက်ရာနှင့် မတူညီသောတီထွင်ဖန်တီးမှု။

A မိမိကိုယ်ပိုင်အတွေးဖြင့် ဖန်တီးပြုလုပ်နိုင်ခြင်း။

B ကျောင်းသုံးစာအုပ်တွင် ပါဝင်သောပစ္စည်းကို အနည်းငယ်ပြောင်းလဲပြုလုပ်နိုင်ခြင်း။

C ကျောင်းသုံးစာအုပ်တွင်ပါဝင်သော နမူနာအတိုင်းပြုလုပ်ခြင်း သို့မဟုတ် ၎င်းလက်ရာအတိုင်းမလုပ်နိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

■ ရွှံ့ဖြင့် အခြေခံပုံစံမှတဆင့် အခြားသောပုံများ ပြုလုပ်နိုင်သည်ကို ပြုလုပ်ပြသ၍ ကလေးတို့အား ကြည့်ရှုစေခြင်း၊ ဥပမာဘောလုံးပုံကို အခြေခံ၍ ရွှေဖရုံသီးပုံကို ခဲတံ သို့မဟုတ် ဝါးတူဖြင့် အဆင့်ဆင့် ပြုလုပ်ပြခြင်း။

- ဆရာပြုလုပ်ပြသည်ကို သေချာစွာကြည့်ရှုမှတ်သား၍ လိုက်လုပ်ကြခြင်း။
- ရွှံ့ကိုဖွဲ့ထုတ်၍ ကိုယ်ပိုင်စိတ်ကူးဖြင့် လွတ်လပ်စွာ ပြုလုပ်ကြခြင်း။

■ ကြိုက်နှစ်သက်သောပုံသဏ္ဌာန်တို့ကို လွတ်လပ်စွာ တွေးတောစေ၍ ရွှံ့ဖြင့်ပြုလုပ်စေခြင်း။

■ ဆရာသည်ကလေးတို့ရွှံ့ဖြင့် ဖန်တီးထားသော လက်ရာများကို ကြည့်ရှုစစ်ဆေး၍လို အပ်ပါက ခဲတံ၊ သစ်ကိုင်းခြောက်သုံးနည်းတို့ကို လမ်းညွှန်ပြရပါမည်။

- မိမိနှစ်သက်သောပုံသဏ္ဌာန်များကို လွတ်လပ်စွာ ပြုလုပ်ကြခြင်း။
- ရွှံ့မလုံလောက်ပါက ထပ်ယူလို့ရမလား၊ နားမလည်သည်ကို မေးမြန်းကြခြင်း။

## နိဂုံး

■ ပြုလုပ်ပြီးသော လက်ရာများ၏ ပုံသဏ္ဌာန်ဒီဇိုင်းတို့ကို အချင်းချင်းကြည့်ရှုစေခြင်း။

■ အခြားသူများနှင့်မတူဘဲ ထူးခြားသော လက်ရာများကို ရွေးထုတ်၍ ရုပ်တုအကြောင်းပြောပြစေခြင်း။

■ အောက်ခံကတ်ထူပြားပေါ်တွင် အမည်ရေး၍ သတ်မှတ်ထားသောနေရာတွင်ထားစေ၍ စစ်ဆေးခြင်း။

# ၄-၅ ပလတ်စတစ်အိတ်ပေါ်တွင် နှစ်သက်သလို အရုပ်များရေးဆွဲ၍ ပူဖောင်းပြုလုပ်ခြင်း

**စာသင်ချိန် (၁) ချိန်**

**သင်ယူမှုဦးတည်ချက်**

- အရောင်နှင့်ပုံသဏ္ဌာန်ကိုအသုံးပြု၍ အစီအစဉ်တကျ လက်မှုပစ္စည်းကို တီထွင်ဖန်တီးတတ်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

■ **ဆရာ**။ တိပ်၊ အအေးပိုက်၊ ဆော့ပင် (ပလတ်စတစ်အိတ် ပါမလာသော ကျောင်းသားများအား ဆရာမှကူညီ၍ ပံ့ပိုးပေးရန်)

● **ကျောင်းသား**။ ပလတ်စတစ်အိတ် (၈× ၁၄ လက်မ)

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

■ ဆရာက မျက်နှာပုံရေးဆွဲထားသော ပူဖောင်းကိုပြ၍ မေးခွန်းများ မေးမြန်းခြင်း။

■ ဒါဘာကောင်လေးလဲ။

■ မည်သည့်အရာနဲ့ ပြုလုပ်ထားပါသလဲ။

■ ကလေးတို့ ဒါလေးလုပ်ချင်ပါသလား။


**သင်ခန်းစာဖြစ်စဉ်**

■ ဆရာသည် ပလတ်စတစ်အိတ်တွင်ပုံဆွဲကာ လက်ကိုင်အဖျားပိုင်းကို ကတ်ကြေးဖြင့်ဖြတ်၍ ပိုက်ချောင်းတပ်ပြီး တိပ်ဖြင့် သေချာစွာပိတ်ပြီးမှ လေကိုမှုတ်သွင်းရပါမည်။ ပြီးနောက် လေလုံစေရန် ပိုက်ချောင်းကို ခေါက်ချိုး၍ တိပ်ဖြင့် သေချာစည်းနှောင်ရမည်ကို ရှင်းပြ၍ ပူဖောင်း တစ်လုံးကို နမူနာ ပြုလုပ်ပြခြင်း။

**အခန်း(၄)** ပတ်ဝန်းကျင်ရှိ အလွယ်တကူရရှိနိုင်သော ပစ္စည်းများဖြင့် လက်မှုပစ္စည်းများ ပြုလုပ်ခြင်း

**သင်ခန်းစာ(၅) ပလတ်စတစ်အိတ်ပေါ်တွင် နှစ်သက်သလို အရုပ်များရေးဆွဲ၍ ပူဖောင်းပြုလုပ်ခြင်း**






ပလတ်စတစ်အိတ်ပေါ်မှာ ရုပ်ပုံဆွဲရအောင်။









၃၆

**သတိပြုရမည့်အချက်များ**

① ပလတ်စတစ်အိတ်ကို အသုံးပြုလျှင်အိတ်၏ ၃ ပိုင်း ၁ ပိုင်း အပေါ်ပိုင်းနေရာကိုစုစည်း၍ တိပ်ဖြင့်ရစ်ပတ်ရမည်။

② ပြုလုပ်ပုံအဆင့်ဆင့်ကို ဆရာနှင့်အတူလိုက်၍ ပြုလုပ်ကြရမည်။

③ လေကို ဖောင်းတင်းနေအောင်မှုတ်ရမည်။


**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ တိပ်ဖြင့် ရစ်ပတ်ခြင်း။

A ပူဖောင်းပြုလုပ်ရာတွင် လေယိုစိမ့်မှုမရှိအောင် တိပ်ဖြင့် ကပ်နိုင်သည့်အပြင် သပ်ရပ်လှပစွာ ရစ်ပတ်နိုင်ခြင်း။

B ပူဖောင်းပြုလုပ်ရာတွင် လေယိုစိမ့်မှုမရှိအောင် တိပ်ဖြင့် ရစ်ပတ်နိုင်ခြင်း။

C ပူးဖောင်းပြုလုပ်ရာတွင် လေယိုစိမ့်မှုရှိခြင်း။



ပြုလုပ်ပုံ အဆင့်ဆင့် ၂

လက်ကိုင်အဖျား ကိုဖြတ်ပါ။

ပလတ်စတစ်အိတ် ထဲကို ပိုက်ထည့်ပါ။

ပလတ်စတစ်အိတ် အဝကို လက်နဲ့စုပြီး ကိုင်ထားပါ။

တိပ်နဲ့ ပတ်ပါ။

လေမှုတ်သွင်းပါ။

ပိုက်ဖျားကိုခေါက်ချိုးပြီး တိပ်နဲ့ ပတ်ချည်ပါ။

၃

သမီးက ကြောင်ကလေး ပုစီပါ

သူငယ်ချင်းဆွဲတဲ့ပုံက လှပြီး ပူဖောင်းက ဖောင်းနေတာပဲ

၄

အသုံးပြုပစ္စည်းများ

ပလတ်စတစ်အိတ် ကတ်ကြေး တိပ်

ဆေးပင် အအေးပိုက်

၂၇

## သင်ခန်းစာဖြစ်စဉ်

- ကျောင်းသုံးစာအုပ်ပါဥပမာများကို ကလေးတို့အား ကြည့်ရှုလေ့လာစေခြင်း။
- ပလတ်စတစ်အိတ်၊ အအေးပိုက်၊ တိပ်၊ ဆေးပင်တို့ကို သုံး၍ ကလေးတို့အား အဆင့်ဆင့်လုပ်စေခြင်း။
- ကလေးတို့၏ လုပ်ဆောင်မှု များကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း (တိပ်ဖြင့် မရစ် ပတ်နိုင်သည့် ကလေးများအား ရစ်ပတ်ပုံကို ပြန်လည် ပြောပြပေးခြင်းဖြင့် ကူညီ၍ ကပ်ပေးခြင်းများ ပြုလုပ် ပေးခြင်း)။
- ● တိပ်ဖြင့် ရစ်ပတ်ခြင်းကိုမပြုလုပ်နိုင်သော ကလေးများ ဆရာ၏အကူအညီ ဖြင့် ထပ်မံ၍လုပ်ကြည့်ကြခြင်း။

## နိဂုံး

- ပြုလုပ်ပြီးသော ပူဖောင်းများတွင် ရေးဆွဲထားသော ပုံသည်လှပပြီး လေမှုတ်လိုက်သည့်အခါ ဖောင်းကြွလာ သော ပုံသဏ္ဌာန်လှပကောင်းမွန်ကြောင်းပြောပြခြင်း။
- မိမိတို့ ရုပ်ပုံပူဖောင်းလေးများဖြင့် အချင်းချင်းဆော့ကစား ကြခြင်း။

## သတိပြုရမည့်အချက်များ

၄ ကလေးအချင်းချင်းပူဖောင်းကလေးများဖြင့် ဆော့ကစားနေစေခြင်း။ (မိမိတို့ရေးဆွဲထားသောရုပ်ပုံများနှင့်စပ်လျဉ်း၍ ပုံပြင်၊ ပုံစံသရုပ်ဖော် ကစားကြခြင်း)။

၅ ဆေးပင်သုံး၍ ရုပ်ပုံများကို ဖြည်းညှင်းစွာ သပ်သပ်ရပ်ရပ်ရေးဆွဲပြီး ဆေးများခြောက်သည်အထိ အနည်းငယ်စောင့်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ လှပသောဒီဇိုင်းပြုလုပ်နိုင်ပြီး ပူဖောင်းသည်လှပပြီး ဖောင်းကားမှုရှိခြင်း။

A တခြားသူများနှင့်မတူညီသည့် ဒီဇိုင်းကျလှပစွာ ရေးဆွဲပြီး ပူပေါင်းက ဖောင်းတင်း၍ ဆွဲဆောင်မှုရှိခြင်း(ကြောင်ကလေး၊ ဘောလုံးလေးနှင့် ပန်းခြံထဲတွင် ဆော့ကစားနေခြင်းအပြင် လိပ်ပြာများပျံဝဲနေပုံ)။

B လှပသောရုပ်ပုံဒီဇိုင်းများကို ရေးဆွဲ၍ ပူဖောင်းဖောင်းတင်းနေပြီး ဆွဲဆောင် မှုရှိခြင်း။

C ရုပ်ပုံကလည်းလှပမှုမရှိသည့်အပြင် ပူဖောင်းကလည်း ဖောင်းတင်းမှုမရှိ ခြင်း။

## ၅-၁ ထူးခြားလှပသော မြန်မာ့ယွန်းထည်ပစ္စည်းများကို အမြတ်တနိုးတန်ဖိုးထားတတ်စေရန် ပြုစုပျိုးထောင်ပေးခြင်း

**စာသင်ချိန် (၁) ချိန်**

**သင်ယူမှုဦးတည်ချက်**

- မြန်မာ့ရိုးရာယဉ်ကျေးမှုယွန်းထည်ပစ္စည်းများကို မြတ်နိုးတန်ဖိုးထားတတ်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

■ **ဆရာ**။ ယွန်းထည်ပစ္စည်းအတုနှင့်အစစ်။

- **ကျောင်းသား**။ မိမိအိမ်ရှိ ယွန်းထည်ပစ္စည်း အသေးလေးများ ယူဆောင်လာခြင်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

■ ကလေးများအား အုပ်စုလိုက် ယွန်းထည် ပစ္စည်းအစစ်နှင့် အတုကိုပြသ၍ အရောင်နှင့် ဒီဇိုင်းတို့ကို နှိုင်းယှဉ်ကြည့်စေခြင်း။

■ ဒီဇိုင်း၏လှပမှုကို ကလေးများအား ပြောပြ၍ အနုစိပ်ရေးဆွဲထားပုံကို ခွဲခြားစေခြင်း။

**သင်ခန်းစာဖြစ်စဉ်**

■ ကျောင်းသုံးစာအုပ်တွင်ပါဝင်သော ယွန်းထည်ပစ္စည်းအစစ်၏ပြုလုပ်ပုံအဆင့်ဆင့်ကိုပြသ၍ မည်ကဲ့သို့ပြုလုပ်သနည်းဟူ၍ မှန်းဆစေခြင်း၊ ပြုလုပ်ပုံအဆင့်ပေါင်းများစွာရှိပြီး အဆင့်တိုင်းတွင် သစ်စေးသုတ်လိမ်းရကြောင်းကို သိရှိနားလည်စေခြင်း။

■ ယွန်းထည်အတုနှင့်အစစ်ခြားနားချက်ကိုရှင်းပြခြင်း။ ယွန်းထည်ပစ္စည်းရနိုင်လျှင် အစစ်သည်အသေးစိတ်အဆင့်ဆင့်ပြုလုပ်ထားသည့်အတွက် ထိတွေ့မှု၊ အရောင်၊ ဒီဇိုင်းတို့ ၏ပိုမိုကောင်းမွန်မှုကိုသတိပြုမိစေခြင်း။

---

**အခန်း(၅) မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း**

**သင်ခန်းစာ(၁) ထူးခြားလှပသော မြန်မာ့ယွန်းထည်ပစ္စည်းများကို အမြတ်တနိုးတန်ဖိုးထားတတ်စေရန် ပြုစုပျိုးထောင်ပေးခြင်း**





**ယွန်းထည်ပစ္စည်းများ ပြုလုပ်ပုံအဆင့်ဆင့်** ၂


၁။ ဝါးကို အသုံးပြုခြင်း




၂။ ပုံကြမ်းပြုလုပ်ခြင်း



၃။ သစ်စေးသုတ်ခြင်း



၄။ ဒီဇိုင်းဆွဲခြင်း



၅။ ဆေးရောင်အထပ်ထပ်သုတ်ခြင်း



၆။ အခြောက်ခံခြင်း



၃၈

### သတိပြုရမည့်အချက်များ

၁ ယွန်းထည် ပစ္စည်းအတု အစစ်ကို လွတ်လပ်စွာ ကြည့်ရှုလေ့လာခြင်း။

၂ ပြုလုပ်ပုံအဆင့်ဆင့်တွင် မည်ကဲ့သို့ အရောင်နှင့် ဒီဇိုင်းကိုပြုလုပ်ထားသည်ကို ရှင်းပြခြင်း။

- ထိတွေ့မှု – ပလတ်စတစ်နှင့်ပြုလုပ်ထားသော ယွန်းထည်အတု၏ မျက်နှာပြင်သည် ချောမွတ်မှုမရှိခြင်း။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ယွန်းပစ္စည်းအတုနှင့်အစစ် ခွဲခြားမှု။

A ယွန်းပစ္စည်းအတုနှင့်အစစ်၏ အရောင်နှင့်ဒီဇိုင်းကွဲပြားချက်ကို ကျိုးကြောင်းခိုင်လုံစွာပြောပြနိုင်ခြင်း။

B ယွန်းပစ္စည်း အတုနှင့်အစစ်ကိုသာ ခွဲခြားနိုင်ခြင်း။

C ယွန်းထည်ပစ္စည်းအတုနှင့်အစစ်ကို မခွဲခြားနိုင်ခြင်း။

DBE




## သတိပြုရမည့်အချက်များ

- အရောင် – ပလပ်စတစ်ယွန်းထည်ပစ္စည်းအတုသည် အရောင်တောက်ပမှုမရှိခြင်း။
- ဒီဇိုင်း – ပလတ်စတစ်ယွန်းထည်ပစ္စည်းအတုလက်ရာသည် အနုစိတ်မရှိခြင်း။
- ထိန်းသိမ်းရန်အချက် – ယွန်းထည်ပစ္စည်းများကို ဆေးကြောပြီး ခြောက်အောင်ထားပါ။ ပြီးမှ နေရောင်ထိသောနေရာ၊ စိုစွတ်သော နေရာတို့ကို ရှောင်ကြဉ်ပြီး သေချာသိမ်းဆည်းရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ယွန်းထည်ပစ္စည်းထိန်းသိမ်းမှုနည်းလမ်း။

A နေရောင်ထိသော နေရာကိုရှောင်ကြဉ်ရန်၊ လေဝင်လေထွက်ရှိစေရန် စိုထိုင်းဆများသောနေရာကို ရှောင်ကြဉ်ရန် သတိထားရမည့်အချက်များကို တိကျစွာပြောပြနိုင်ခြင်း။

B ယွန်းထည်ပစ္စည်းသည် ရိုးရာယဉ်ကျေးမှုပစ္စည်းဖြစ်ခြင်း၊ အမြတ်တနိုးထား၍ ထိန်းသိမ်းရမည်ကိုသာ သိရှိခြင်း။

C ထိန်းသိမ်းမှုနည်းလမ်းနှင့်ပတ်သက်၍ မပြောပြနိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

- ယွန်းထည်ပစ္စည်းအတုနှင့်အစစ်၏ ခြားနားမှုကို အတည်ပြုစေရင်းနှင့် ကလေးများက မိမိသယ်ဆောင်လာသော ယွန်းထည်ပစ္စည်းများအား အတု နှင့်အစစ်ကို ခွဲခြားနိုင်ရန် စဉ်းစားစေခြင်း၊ ထို့နောက် ယွန်းထည်ပစ္စည်းအတုနှင့် အစစ်ကို အုပ်စုနှစ်ခုခွဲစေခြင်း။
- ယွန်းထည်ပစ္စည်းများ၏ လှပမှု၊ နေထိုင်မှုဘဝတွင်လည်း အမျိုးမျိုးသော အလှဆင်ခြင်းတို့ကို စဉ်းစားစေခြင်း။
  - မိမိယွန်းထည်ပစ္စည်းအတုအစစ်ကို အတည်ပြု၍ သတ်မှတ်ထားသော နေရာတို့တွင်ထားခြင်း။
  - အရောင်စုံလင်လှသော ယွန်းထည်များကို စူးစမ်းကြည့်ရှုကြခြင်း။
- ယွန်းထည်ပစ္စည်းများမှာ ကွဲတတ်သည်ကို ရှင်းပြပြီး မည်သည့်အခါတွင် ပျက်စီးတတ် သည်ကို မေးမြန်းခြင်း။
- ယွန်းထည်ပစ္စည်းများထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြောပြခြင်း။

## နိဂုံး

- ယွန်းထည်ပစ္စည်း အတုနှင့် အစစ်ကို ခွဲခြားနိုင်သည့် အချက်(၃)ချက်ကို မေးမြန်းခြင်း။
- မိမိအိမ်တွင် မိဘနှင့်မိသားစုက ယွန်းထည်ပစ္စည်းအစစ်ကို အမြတ်တနိုးတန်ဖိုးထားခြင်းမှာ ဘာကြောင့်ထင်ပါသလဲဟု မေးမြန်းခြင်း။
- ယွန်းထည်ပစ္စည်းအစစ်ကို ဘယ်လိုမျိုး ထိန်းသိမ်းရမလဲဟု မေးမြန်းခြင်း။

## ၅-၂-၁ ပန်းပုပညာရှင် ဦးဟန်တင် (၁၉၂၆-၂၀၀၀) (အာဆီယံယဉ်ကျေးမှုဆုရှင်)

**စာသင်ချိန် (၁) ချိန်**

### သင်ယူမှုဦးတည်ချက်

- မြန်မာနိုင်ငံအနုပညာရှင်များ၏ လက်ရာများကို သိရှိပြီး မြန်မာ့အနုပညာကို စိတ်ဝင်စားလာရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ထင်းချောင်း၊ ထင်းစည်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

■ ဆရာက ကလေးများကို မြန်မာ့အနုပညာနှင့်ပတ်သက်၍ သိရှိသည်များကိုမေးခြင်း။

■ ကျောင်းသုံးစာအုပ်ပါ ပန်းပုပညာရှင် ဦးဟန်တင်၏ ပန်းပုလက်ရာများကို ကြည့်ရှုလေ့လာစေပြီး ယနေ့သင်ခန်းစာမှာ ဘယ်ဘက်ရှိ 'စည်းလုံးခြင်းသည် အင်အား' နှင့်ပတ်သက်၍ သင်ကြားမည်ဖြစ်ကြောင်း ရှင်းပြခြင်း။

■ ကလေးအချင်းချင်း လွတ်လပ်စွာပြောစေခြင်း။

- ကလေးများမှမြင်ဖူးသော အနုပညာလက်ရာများနှင့် ပတ်သက်၍ပြောကြားခြင်း။
- ကျောင်းသုံးစာအုပ်ပါပုံနှင့်ပတ်သက်၍ မေးခွန်းမေးခြင်း၊ အမြင်ကို ပြောခြင်းများ ပြုလုပ်ခြင်း။

**သင်ခန်းစာဖြစ်စဉ်**

■ ဆရာက ဘယ်ဘက်စာမျက်နှာတွင်ရှိသော ရုပ်တုနှင့် ပတ်သက်၍ မေးခွန်းများမေးခြင်း။ (ထိုရုပ်တုက ဘာပုံဖြစ်မလဲ) (ယောကျ်ားလေးလား၊ မိန်းကလေးလား။ ဘယ်သူက ငယ်တယ်လို့ထင်သလဲ) (ဒီနှစ်ယောက်အပြင် ဘာတွေတွေ့လဲ။ ဘာလုပ်နေတယ်လို့ ထင်လဲ) (ထင်းစည်း၊ အောက်တွင်ကျနေသော ထင်းတစ်ချောင်းကျိုးနေသည် စသည်)(လူငယ်က ဘာလုပ်နေတယ်လို့ထင်သလဲ၊ ဒီပုံစံလုပ်ကြည့်ရအောင် (တစ်ယောက်ကိုညွှန်ပြပြီး တုတ်တစ်ချောင်းကိုပေး၍ ထိုပုံစံအတိုင်းပြုလုပ်စေခြင်း။ ထို့နောက်တုတ်ချောင်းစည်းကိုပေး ကာလက်တွေ့လုပ်စေပြီး မကျိုးသည်ကိုသိစေမည်) ဒီရုပ်တုရဲ့ခေါင်းစဉ်သည် (စည်းလုံးခြင်းသည်အင်အား)၏အဓိပ္ပာယ်ကိုသိစေပြီး စုပေါင်းခြင်း၏ အရေးပါမှုကိုသိရှိစေမည်။ ထို့နောက် ပန်းပုပညာရှင်အကြောင်းကိုရှင်းပြပြီး ဤရုပ်တုမှဖော်ပြလိုသော အဓိပ္ပာယ်ကိုသိစေမည်။

---

**အခန်း(၅) မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း**

**သင်ခန်းစာ(၂) မိမိနိုင်ငံရှိ အမျိုးမျိုးသော အနုပညာရှင်များနှင့် သူတို့၏လက်ရာများကို လေ့လာခြင်း**

(၂-၁)ပန်းပုပညာရှင် ဦးဟန်တင် (၁၉၂၆-၂၀၀၀)
(အာဆီယံယဉ်ကျေးမှုဆုရှင်)




**စည်းလုံးခြင်းသည် အင်အား ရုပ်တုကိုကြည့်၍ ဖြေဆိုရန်။**

- ■ ဒီပုံထဲက လူနှစ်ယောက်ထဲမှာ လူငယ်က ဘာလုပ်နေတာလဲ။
- ■ ပုံထဲမှာ ဒီလူနှစ်ယောက်အပြင် ဘာတွေတွေ့လဲ။
- ■ လက်တွေ့လုပ်ကြည့်ရအောင်။
- ■ ထင်းတစ်ချောင်းတည်းချိုးကြည့်ပါ။ အစည်းလိုက်ချိုးကြည့်ပါ။ ဘာတွေ့မလဲ။

၄၀

---

### သတိပြုရမည့်အချက်များ

- အနုပညာရှင်၏ဘဝဖြစ်စဉ်နှင့် စွမ်းဆောင်ချက်အကျဉ်းချုပ်ကို ရှင်းပြခြင်း။
- တစ်ဦးချင်းထက် စည်းလုံးညီညွတ်ခြင်းအကျိုးကို သိရှိစေခြင်း။
- အနုပညာရှင်၏ လက်ရာများမှတစ်ဆင့် သမိုင်းဝင်ထင်ရှားသော နိုင်ငံခေါင်းဆောင်များ၊ စည်းလုံးညီညွတ်ခြင်း၊ ရိုးရာယဉ်ကျေးမှုနှင့် နိုင်ငံတော်၏စာတတ်မြောက်ရေးလှုပ်ရှားမှုကို ကျောင်းသားများသိရှိနားလည်စေခြင်း။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ကျောင်းသုံးစာအုပ်ပါလက်ရာကို အသုံးပြုပြီး မြန်မာအနုပညာကို စိတ်ဝင်စားမှုရရှိလာရန်။

A ကျောင်းသုံးစာအုပ်ပါရုပ်တုနှင့်ပတ်သက်၍ မေးခွန်းကိုဖြေနိုင်ပြီး မြန်မာအနုပညာကို သိချင်ကြောင်းပြောခြင်း။

B ကျောင်းသုံးစာအုပ်ပါပုံနှင့်ပတ်သက်၍ စိတ်ဝင်စားသော်လည်း ဆရာက မေးသော မေးခွန်းများကို ရိုးရှင်းစွာ ဖြေကြားခြင်း။

C ကျောင်းသုံးစာအုပ်ပါပုံနှင့်ပတ်သက်၍ ဆရာကမေးသော မေးခွန်းကို မဖြေကြားနိုင်ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း။

ဦးဟန်တင်၏လက်ရာများ



စာတတ်မြောက်ရေးလှုပ်ရှားမှု



အနော်ရထာ



မြန်မာ့ရိုးရာသင်္ကြန်



၄၁

ဦးဟန်တင်ကို ဗိသုကာပညာရှင်ကြီးဦးငြိမ်းသွင်နှင့် မိခင်ဒေါ်မင်းမင်းထိုက်တို့မှ ၁၉၂၆ ခုနှစ် ဧပြီလ ၃၀ ရက်တွင် မွေးဖွားခဲ့သည်။ ကျောင်းမနေခင်ကပင် ရုပ်ပုံများ ရေးဆွဲတတ်နေပြီဖြစ်သည်။ ဆရာကြီးသည် ပန်းချီဆရာကြီးဦးငွေကိုင်နှင့်တွဲ၍ လက်ထောက်ပန်းချီဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၅၂ တွင် နိုင်ငံတော် အနုပညာကျောင်း၌ ပန်းချီနည်းပြအဖြစ် အမှုထမ်းခဲ့ပြီး ၁၉၆၃ တွင် နိုင်ငံတော် အစိုးအစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနုပညာသိပ္ပံတွင် လေ့လာဆည်းပူးခဲ့သည်။ နိုင်ငံနှင့် ပြည်သူအတွက် ထူးချွန်ပြောင်မြောက်သော လက်ရာပေါင်းများစွာကို ဖန်တီးခဲ့သည့်အတွက် မြန်မာ့ပန်းပုပညာရှင်အဖြစ်ထင်ရှားခဲ့ပြီး အာဆီယံ ယဉ်ကျေးမှုဆုကိုလည်း ချီးမြှင့်ခြင်းခံရသူဖြစ်သည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၂။ ပန်းပုပညာရှင်က မည်သည့်ခံစားချက်ဖြင့် လက်ရာများကို ဖန်တီးထားသည်ကို ပြောနိုင်ခြင်း။

A ပန်းပုပညာရှင်က မည်သည့်ခံစားချက်ဖြင့် လက်ရာများကို ဖန်တီးထားသည်ကို မိမိကိုယ်တိုင်မှပြောနိုင်ခြင်း။

B နိမိတ်ပြမေးခွန်းများမေးပါမှ ဖြေဆိုနိုင်ခြင်း။

C နိမိတ်ပြမေးခွန်းများမေးသော်လည်းမဖြေဆိုနိုင်ခြင်း။

**သင်ခန်းစာဖြစ်စဉ်**

- ယောက်ျား၊ လူကြီး၊ လူငယ်၊ အဖေနှင့်သား−−ဆိုပြီး ဖြေဆို) (လုံးဝန်းသောသစ်သားချောင်း) သို့မဟုတ် (သစ်သားချောင်း အသေးများကိုစုစည်းထားခြင်း) အပြင် သစ်သားချောင်းတစ်ချောင်း အောက်တွင်ကျနေသည်ကို သတိပြုစေမည်။ လက်တွေ့ပြုလုပ်ပြီး သစ်သားချောင်းများစုစည်းထားသောအခါ ဘယ်လိုဖြစ်သလဲကိုဖြေမည်။
ပန်းပုပညာရှင်၏ဤပန်းပုကို ထုလုပ်ဖော်ပြထားသော ရည်ရွယ်ချက်ကိုဖြေမည်။

■ ကလေး၂ ယောက်ကိုရွေးကာ၊ ၂ ယောက်ပါသော ရုပ်တုပုံထဲမှ တစ်ခု(အချိန်ရပါက ၂ခုလုံး)ကိုသရုပ်ဆောင်စေမည်။

■ တခြားကလေးများက သရုပ်ဆောင်ပုံကိုကြည့်၍ ဘယ်ပုံဖြစ်သည်ကို ဖြေစေမည်။

■ ဆရာက ထိုပုံသည် မည်သည်ကိုဖော်ပြနေသည်ကို ရှင်းပြမည် (ဥပမာစာတတ်မြောက်ရေး လှုပ်ရှားမှုပုံဆိုလျှင် စာသင်ကြားနေတဲ့ပုံကို ဖော်ပြနေတယ်စသည်)

■ သရုပ်ဆောင်ပြသောကလေးများကို သရုပ်ဆောင်ပြတာ ဘယ်လိုခံစားရလဲဆိုတာကို ရှင်းပြစေမည် (လွတ်လပ်စွာ ဖြေကြားစေမည်)

**နိဂုံး**

■ ဒီသင်ခန်းစာပါရုပ်ပုံများကို သင်ယူကြည့်ရှုခြင်းဖြင့် ကလေးများစိတ်မှာ မည်ကဲ့သို့ စိတ်ကူးပုံမျိုးပြုလုပ်ချင်ကြောင်းကို မေးမြန်းခြင်း။

**မူပိုင်ခွင့်** – ဖော်ပြပါ ရုပ်တုများကို သက်ဆိုင်ရာ မိသားစုထံမှ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။



DBE BOX

# ၅-၂-၂ ပန်းချီပညာရှင် ဝဏ္ဏကျော်ထင်ဦးစံဝင်း (၁၉၀၄-၁၉၈၁) (ပန်းချီပညာဝန်ထောက်)

**စာသင်ချိန် (၁) ချိန်**

### သင်ယူမှုဦးတည်ချက်

- မြန်မာနိုင်ငံအနုပညာရှင်များ၏ လက်ရာများကိုသိရှိပြီး မြန်မာ့အနုပညာကို စိတ်ဝင်စားလာရန်။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း

■ သင်ယူခဲ့သည့်အကြောင်းအရာများကို ပြန်လည်မေးမြန်းမည်။

■ ကျောင်းသုံးစာအုပ်ပါ ပန်းချီလက်ရာ အချို့ကို ကြည့်ရှုလေ့လာစေမည်။ သူငယ်ချင်းများနှင့် ၎င်းပုံနှင့်ပတ်သက်၍ လွတ်လွတ်လပ်လပ်ပြောစေမည်။

- ပန်းပုလက်ရာများနှင့်ပတ်သက်၍ မှတ်မိသည်ကို ဖြေမည်။
- ကျောင်းသုံးစာအုပ်ရှိ ပန်းချီလက်ရာများနှင့်ပတ်သက်၍ မေးခွန်းမေးခြင်း၊ ထင်မြင်ချက်များကို ပြောခြင်းတို့ ပြုလုပ်မည်။

### သင်ခန်းစာဖြစ်စဉ်

■ ပန်းချီကားချပ် ၃ ခုနှင့်ပတ်သက်၍ အောက်ပါမေးခွန်းများကိုမေးမည်။

(ဖြေဆိုလိုသည့်ကလေးများကိုဖြေစေမည်)

၁။ ပန်းချီကားများကိုကြည့်၍ ဘယ်လိုအသံတွေကို ကြားလာနိုင်လဲ။

၂။ ပန်းချီကားချပ် ၃ ခုထဲမှ ဘယ်နေရာကို သွားကြည့်ချင်သလဲ။ ဘာကြောင့်လဲ။

- ကလေးများ မိမိထင်မြင်ချက်များကို ဖြေမည်။

၁။ ငှက်သံတွေကို ကြားတယ်။

၂။ လယ်ကွင်းထဲကို သွားချင်တယ်။ စသည်ဖြင့် ဖြေဆိုနိုင်ပါသည်။

---

အခန်း(၅) မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း

သင်ခန်းစာ(၂) မိမိနိုင်ငံရှိ အမျိုးမျိုးသော အနုပညာရှင်များနှင့် သူတို့၏လက်ရာများကို လေ့လာခြင်း

(၂-၂)ပန်းချီပညာရှင် ဝဏ္ဏကျော်ထင်ဦးစံဝင်း (၁၉၀၄-၁၉၈၁)

(ပန်းချီပညာဝန်ထောက်)





လယ်စောင့်တဲ

- ပန်းချီကားထဲမှာ လူဘယ်နှယောက်ရှိလဲဆိုတာ ရှာကြည့်ရအောင်။
- ဒီတဲကို ဘယ်နေရာမျိုးမှာ ဆောက်ထားတာလဲ။
- အဲဒီနေရာမျိုးကို ရောက်ဖူးကြလား။
- တဲလေးထဲကကြည့်ရင် ဘာတွေမြင်နိုင်မလဲ။



၄၂

---

### သတိပြုရမည့်အချက်များ

- အနုပညာရှင်၏ဘဝဖြစ်စဉ်နှင့် စွမ်းဆောင်ချက်အကျဉ်းချုပ်ကို ရှင်းပြခြင်း။
- ပန်းချီကားကိုကြည့်ခြင်းဖြင့် မည်သည့်နေရာမျိုး ဖြစ်နိုင်သည်ကို သိရှိစေခြင်း။
- အနုပညာရှင်၏ လက်ရာများမှတစ်ဆင့် ရေမြေတောတောင်သဘာဝနှင့် ရိုးရာယဉ်ကျေးမှုကို ကျောင်းသားများသိရှိခံစားစေခြင်း။

### စစ်ဆေးအကဲဖြတ်ခြင်း


၁။ ကျောင်းသုံးစာအုပ်ပါလက်ရာကို အသုံးပြုပြီး မြန်မာအနုပညာကို စိတ်ဝင်စားမှုရရှိလာရန်။


A လယ်စောင့်တဲပုံနှင့်ပတ်သက်၍ ဖြေကြားနိုင်ပြီး မြန်မာ့အနုပညာကို သိချင်ကြောင်း ဖြေကြားခြင်း။

B လယ်စောင့်တဲပုံနှင့်ပတ်သက်၍ စိတ်ဝင်စားသော်လည်း ဆရာမှ မေးသောမေးခွန်းကို ရိုးရှင်းစွာဖြေကြားခြင်း။

C ကျောင်းသုံးစာအုပ်ပုံနှင့်ပတ်သက်၍ မဖြေကြားနိုင်ကြားခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း။

ဝဏ္ဏကျော်ထင်ဦးစံဝင်း၏ လက်ရာများ




၄၃

ဦးစံဝင်းကို ဖခင်ဦးမောင်မောင်နှင့်မိခင်ဒေါ်သန်းငွေတို့မှ ၁၉၀၄ ခုနှစ် မတ်လ ၂၂ ရက်တွင် မွေးဖွားခဲ့သည်။ ၁၀ တန်း အောင်ပြီး ဦးဘဉာဏ်ထံတွင် ပန်းချီပညာ ဆည်းပူးခဲ့သည်။ ထိုမှတစ်ဆင့် တက္ကသိုလ်ပညာသင်ယူခဲ့ပြီး ပန်းချီဆရာကြီးဦးဘဉာဏ်နှင့်အတူ ရန်ကုန်တက္ကသိုလ်ပန်းချီအသင်းကို စတင်ဖွဲ့စည်းခဲ့သည်။ အလယ်တန်းပြဆရာ၊ အထက်တန်းပြဆရာ ရန်ကုန်ဆရာအတတ်သင်သိပ္ပံပန်းချီကထိက၊ ပန်းချီပညာအုပ်၊ ပန်းချီနှင့်တူရိယာကျောင်းအုပ်၊ ပန်းချီသိပ္ပံကထိက၊ အနုပညာဝန်ထောက်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ယူနက်စကိုအစီအစဉ်ဖြင့် အမေရိကန်၊ ဂျပန်၊ ထိုင်း၊ ပြင်သစ်၊ အင်္ဂလန်၊ အီတလီနိုင်ငံတို့တွင် ပန်းချီသင်ကြားမှုများကို လေ့လာခွင့်ရခဲ့သည်။ ဆရာကြီးဦးစံဝင်းသည် မြန်မာနိုင်ငံ ကျောင်းသင်ပန်းချီပညာထွန်းကားရေးအတွက် စွမ်းဆောင်ကြိုးပမ်းခဲ့သည်။ ၁၉၅၉ တွင် ဝဏ္ဏကျော်ထင်ဘွဲ့ကို ချီးမြှင့်ခြင်းခံရသည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၂။ ပန်းချီပညာရှင်မှ မည်သည့်ခံစားချက်ဖြင့် လက်ရာများကို ဖန်တီးထားသည်ကို ပြောနိုင်ခြင်း။

A မည်သည့် ခံစားချက်ဖြင့် ဖန်တီးထားသည်ကို အကြောင်းအရာစုံလင်စွာ ပြောနိုင်ခြင်း။

B နိမိတ်ပြမေးခွန်းများမေးပါမှ ဖြေဆိုနိုင်ခြင်း။

C နိမိတ်ပြမေးခွန်းများမေးသော်လည်းမဖြေဆိုနိုင်ခြင်း။

## သင်ခန်းစာဖြစ်စဉ်

■ဆရာက ရှေ့ဘက်စာမျက်နှာတွင်ရှိသော ပန်းချီကားနှင့် ပတ်သက်၍ အောက်ပါမေးခွန်းများကိုမေးပါ။

- ပန်းချီကားထဲတွင် လူဘယ်နှယောက်ပါသလဲ။
- ဒီတဲလေးက ဘယ်နေရာမှာဆောက်ထားတာလဲ။
- ဒီလိုနေရာမျိုးကို သွားဖူးသလား။
- ဒီပန်းချီကားထဲမှ အိမ်လေးကနေ ဘယ်လိုရှုခင်းမျိုးမြင်ရမလဲ။

ကလေးများ၏အဖြေကိုနားထောင်ပြီး ပန်းချီကားထဲတွင် အားလုံးရဲ့အဓိကအစားအစာဖြစ်တဲ့ ဆန်စပါးစိုက်တဲ့ လယ်ကွင်းဖြစ်တယ်။ လယ်သမားတွေက ဒီလိုနေရာမှာနေပြီး စပါးစိုက်နေကြတယ်။ စိုက်ပျိုးထားတဲ့ကောက်ပဲသီးနှံတွေကို စောင့်ကြည့်ဖို့အတွက် ဒီလိုတဲလေးတွေရှိတယ် စသဖြင့် ရှင်းပြမည်။

● ( ၂ ယောက်ဟုဖြေမည်။) (လယ်၊ ယာခင်းစသဖြင့် ဖြေမည်။) (အသီးသီးလွတ်လပ်စွာ ဖြေမည်။) (တောင်တွေ၊ လယ်ကွင်းတွေ၊ တောတန်း၊ တောအုပ်တွေစသည်ဖြင့် မြင်ရတယ်ဟုဖြေမည်။) (တဲအမြင့်လေးဆောက်ထားရတဲ့အကြောင်းကို ဆရာမကရှင်းပြတာကို နားထောင်မည်။)

## နိဂုံး

■ဒီပန်းချီကားချပ် ၃ ခုမှာ ဘာသက်ရှိတွေ ပါဝင်နေသလဲ။

■ဒီပန်းချီကားချပ်တွေကိုလေ့လာပြီး ကလေးများမှ ဘယ်လိုပုံမျိုးဆွဲချင်လဲမေးမည်။

**မှုပိုင်ခွင့်** – ဖော်ပြပါ ပန်းချီများနှင့်ပတ်သက်၍ ပန်းချီပညာရှင်မိသားစုနှင့် ပန်းချီလှတင်ထွန်း ရေးသားပြုစုထားသော ဝဏ္ဏကျော်ထင်ပန်းချီဦးစံဝင်း ဘဝနှင့်သူ့လက်ရာစာအုပ်မှ ခွင့်ပြုချက်ဖြင့် ရေးသားပြုစုထားပါသည်။

DBE BOX

## အခန်း (၄) သင်ခန်းစာ ၄ ရွှံ့မြေဖြင့် နှစ်သက်သောပုံစံများ ဖန်တီးပြုလုပ်ခြင်း
## ရွှံ့ကြိုတင်ပြင်ဆင်ခြင်းအဆင့်ဆင့်



ရွှံ့ကို တူးယူနေပုံ



ရွှံ့နယ်ပုံ



ရွှံ့မြေမာမသွားစေရန် စိုစွတ်သောအဝတ်ဖြင့်
ဖုံးအုပ်ထားပုံ



ကျောင်းသားများအဆင်သင့်အသုံးပြုနိုင်စေရန်
လေလုံအောင်ထုပ်စည်းထားပုံ

DBE Dev

# အနုပညာ(ပန်းချီ)စာအုပ်တွင် အသုံးပြုမည့်ပစ္စည်းများ


**ပန်းချီဆွဲရန် သုံးသောပစ္စည်း**


ခဲတံ


ဖယောင်းရောင်စုံ


ရောင်စုံခဲတံ


ဆော့ပင်


ရောင်စုံမြေဖြူ


စုတ်တံ


ဆေးခွက်



ရေဆေး သို့မဟုတ် မဲနယ်


ရေဇလုံ

**လက်မှုတွင် သုံးမည့်ပစ္စည်း**


ပိတ်စ


ကတ်ထူစက္ကူ



ရောင်စုံစက္ကူ


စက္ကူ


သတင်းစာ


စက္ကူဘူးခွံ



ပလတ်စတစ် အိတ်


အအေးပိုက်


ရေသန့်ဘူး


ရွှံ့


သစ်ချောင်းငယ်



ထင်းစည်း

**လက်မှုတွင် သုံးမည့်ကိရိယာ**


ကတ်ကြေး



ကော်


တိပ်


ဝါးတူ


သွားကြားထိုးတံ


ပလတ်စတစ် ခွက်များ


စက္ကူညှပ်ကလစ်

DBE BOX